# မြန်မာ့အလင်း

၁၂၇၇ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ စနေနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၆)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတစ်ခု၏ အခြေခံဥပဒေကို ပြင်ပနိုင်ငံများက ရေးဆွဲပေးခြင်းသည် သဘာဝမကျ ကိုယ့်သမိုင်းကို ကိုယ်သာအသိဆုံး၊ ကိုယ်သာပဓာနအကျဆုံးဖြစ်သည့်အတွက် နိုင်ငံသားများ ကိုယ်တိုင်ပါဝင်ရေးဆွဲခြင်းသာလျှင် အမှန်ကန်ဆုံး၊ အမျှတဆုံးဖြစ် တစ်ဦးတစ်ယောက်၊ တစ်ပါတီ၊ တစ်ဖွဲ့တည်းက ရေးဆွဲခြင်းသည် မပြည့်စုံ၊ မမှန်ကန်

## လူထုနည်းဖြင့်ရေးဆွဲ၊ လူထုထံချပြ၊ လူထုဆန္ဒဖြင့်အတည်ပြုသည့် အခြေခံဥပဒေသည်သာ ခိုင်မြဲမည် ကျင်းပဆဲအမျိုးသားညီလာခံတွင် လူထုကိုယ်စားလှယ်များစုံညီစွာရေးဆွဲနေခြင်းဖြစ်၍ ခိုင်မြဲတည်တံ့

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၃

**စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၁ရက် နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းအားကစားကွင်း၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါ လူထုအစည်းအဝေးသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် အလုပ်အမှုဆောင်များ၊ စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ မုံရွာကွန်ပျူတာကောလိပ်၊ မုံရွာနည်းပညာကောလိပ်၊ စစ်ကိုင်းပညာရေးကောလိပ်၊ မုံရွာပညာရေးကောလိပ်၊ စစ်ကိုင်းသမဝါယမကောလိပ်တို့မှ ဆရာ ဆရာမများနှင့်

***စာမျက်နှာ ၅ ကော်လံ ၁*** ❐

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းအားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

# ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး လယ်ယာကဏ္ဍမြှင့်တင်၊ ဝင်ငွေတိုးပွားအောင်ကြိုးပမ်း

ကမ္ဘာပေါ်ရှိ အင်ဂျင်နီယာပညာရှင်များ၏ တီထွင်ကြံဆကြိုးပမ်းမှုကြောင့် စက်မှုလက်မှုကဏ္ဍသည် တစ်ရှိန်ထိုးတိုးတက်လာခဲ့ပြီး လူသားများအတွက် ကြီးမားသည့် အကျိုးတရားများ ဖြစ်ထွန်းစေခဲ့သည်။ သို့သော်လည်း အကျိုးနှင့်အပြစ်သည် အစဉ်အမြဲဒွန်တွဲနေတတ်သည့် သဘောတရားအရ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ရပြီး သက်ရှိသတ္တဝါအားလုံးနှင့် ကမ္ဘာကြီးအတွက်ပါ စိုးရိမ်ဖွယ်ရာအခြေအနေများ တွေ့ကြုံခံစားလာကြရသည်။

စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များက ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်အပါအဝင် အခြားသော ဓာတ်ငွေ့မျိုးစုံတို့ကြောင့် မှန်လုံအိမ်အာနိသင် (Green House Effect)များသည် တစ်နေ့ ထက်တစ်နေ့ ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်လာလျက်ရှိကြောင်း တွေ့မြင်ကြားသိရသည်။

မှန်လုံအိမ်အာနိသင်ကို အချိန်မီထိန်းချုပ်ခြင်းမပြုခဲ့ပါလျှင် ကမ္ဘာကြီးပူနွေးမှု မြင့်တက်လာပြီး ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှုစသည့် ရာသီဥတုပြောင်းလဲမှုများ ဆိုးရွားစွာ ဖြစ်ပေါ်လာမည် ဖြစ်သည်။ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ ရေခဲထုကြီးများ အရည်ပျော်စီးဆင်းလာပြီး ကမ္ဘာ့ပင်လယ်ရေမျက်နှာ ပြင်များ မြင့်တက်လာမည့် အန္တရာယ်ကိုလည်း ကြုံတွေ့ရဖွယ်ရှိသည်။

ထို့ကြောင့် ၁၉၉၂ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများက မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျှော့ချခြင်းအားဖြင့် ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရန်အတွက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းကို နိုင်ငံတကာက လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၉၇ခုနှစ်တွင် ဥပဒေကြောင်းအရ ချည်နှောင်မှုရှိသည့် ကျိုတိုနောက်ဆက်တွဲစာချုပ် ထပ်မံပေါ်ပေါက်လာခဲ့သည်။

မှန်လုံအိမ်ဓာတ်ငွေ့များကို ရည်မှန်းချက်ထားပြီး လျှော့ချရန်နည်းလမ်းရှာကြရာ၌ Carbon Credit Trading ဟူသည့် ကာဗွန်လျှော့နိုင်စွမ်းအပေါ် ရောင်းဝယ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

ကာဗွန်ထုတ်လုပ်မှုများသည့် စက်ရုံများ၊ လေယာဉ်ပျံများ၊ မော်တော်ယာဉ်များထုတ်လုပ်သည့် စက်ရုံပိုင်ရှင်များသည် ၎င်းတို့ကြောင့်ဖြစ်ပေါ်မည့် ကာဗွန်များကို ဖယ်ရှားရန် တာဝန်ရှိပေသည်။ လေထဲသို့ ထုတ်လွှတ်လိုက်သည့် ကာဗွန်များကို ပြန်လည်အသုံးပြုနိုင်သည်မှာ သစ်တောသစ်ပင်များသာ ဖြစ်သည်။ ထို့ကြောင့် စက်ရုံပိုင်ရှင်များသည် တစ်နှစ်အတွင်း ၎င်းတို့ကြောင့်ဖြစ်ပေါ်မည့် ကာဗွန်ဓာတ်ငွေ့ မက်ထရစ်တန်ပမာဏကို ဖယ်ရှားနိုင်ရန် လုံလောက်သည့် သစ်ပင်သစ်တောပမာဏကို စိုက်ကြရမည် ဖြစ်သည်။ မစိုက်နိုင်ပါက သစ်တောပိုင်ဆိုင်သူများကို သစ်တောထိန်းသိမ်းရန်အတွက် ငွေကြေးပေးရမည်ဖြစ်သည်။ ထို့ကြောင့် စက်မှုလုပ်ငန်းရှင်ကြီးများသည် ၎င်းတို့အတွက် ကာဗွန်ဖယ်ရှားမည့် သစ်တောရှိကြောင်း လက်တွေ့ပြသနိုင်ရန် ကမ္ဘာပေါ်၌ သစ်တောရှိသည့် နိုင်ငံသို့သွားပြီး Carbon Credit Trading လုပ်ဆောင်ကြရပေသည်။

ယနေ့ကာလသည် ရေနံဓာတုလွန်ခေတ်ကို ရောက်ရှိတော့မည်ဖြစ်သည်။ မကြာမီကာလတွင် စွမ်းအင်အတွက် ရေနံဓာတုသုံးစွဲမှုများကို မလွဲမသွေ ရှောင်ကြဉ်လာကြမည်ဖြစ်သည်။ စက်သုံးဆီသုံးစွဲမှုများကို နည်းလမ်းမျိုးစုံဖြင့် လျှော့ချလာကြမည်ဖြစ်သည်။ ရေနံထွက်စွမ်းအင်သုံးစွဲသည့် စက်များအနက် အရွယ်အစားသေးငယ်သော်လည်း အရေအတွက် အများဆုံးမှာ မော်တော်ယာဉ်များ ဖြစ်ကြသည်။ နောင်တစ်ချိန်တွင် ရေနံထွက်စွမ်းအင်သုံး မော်တော်ယာဉ်များသည် တဖြည်းဖြည်းချင်း အစားထိုးခံရရာမှ နောက်ဆုံးတွင် ပျောက်ကွယ်သွားသည်အထိ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ယခုကတည်းက မိမိတို့နိုင်ငံ၌ မော်တော်ယာဉ်များကို ကာဗွန်ထုတ်လွှတ်မှုရာခိုင်နှုန်း အလွန်နည်းပါးသည့် သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ် ပြုပြင်ပြောင်းလဲသုံးစွဲရန် နိုင်ငံတော်က စတင်ဆောင်ရွက်စီမံပေးခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးချနိုင်စေရန် ဒီဇယ်ဆီအစားထိုး အသုံးပြုနိုင်သည့် ဇီဝလောင်စာထုတ်လုပ်ရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်လျက် ရှိသည်။

မြန်မာနိုင်ငံ၏ အခြေအနေအရ ခြံစည်းရိုးကြက်ဆူပင်များသည် ဇီဝလောင်စာကို ထုတ်ယူနိုင်ကြောင်း ခိုင်လုံနေပြီဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲက ဇီဝလောင်စာထုတ်ယူနိုင်သည့် ကြက်ဆူပင်များကို အရှိန်အဟုန် တိုးမြှင့်စိုက်ပျိုးရန် ပြည်နယ်၊ တိုင်းအလိုက် တာဝန်ပေးထားပြီးဖြစ်သည်။ ကြက်ဆူပင်မှ လောင်စာဆီကိုရရှိနိုင်သည့်အပြင် ကြက်ဆူကြိတ်ဖတ်များသည်လည်း နိုက်ထရိုဂျင်ပါဝင်နှုန်းများသည့်အတွက် ဓာတ်မြေသြဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတစ်ဝန်း ခြံစည်းရိုး ကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးကြပြီး လယ်ယာကဏ္ဍကိုမြှင့်တင်ရင်း တစ်ဖက်မှ ဝင်ငွေတိုးပွားအောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၄-၁-၂၀၀၆**
**(စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး တရားတော် "ရန်သူနှစ်ယောက်ကို အသေသတ်နည်းတရားတော်"

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "မမေ့နိုင်သောနေ့" အပိုင်း(၁)
၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၃၀ ၄။ မြန်မာသံစဉ် ချိုနှားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း-၂)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ English Premier League ဘောလုံးပွဲအစီအစဉ် Arsenal Vs Middlesbrough

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာသန္တိသုခ ဗုဒ္ဓ သာသနာပြု ကျောင်းတော်ကြီး၏ ထာဝရ ပင်မရန်ပုံငွေအတွက် ခေတ္တဗန်ကောက်မြို့နေ ဦး ထင် အောင်-ဒေါ်ခင်ဝင်းသင်၊ သား မောင်အေးအောင် ပြည့် စုံ၊ သမီး မကြည်စင်တင်အောင်၊ သား မောင် အောင် ပြည့်ဖြိုး မိသားစုက ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဂေါပကအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မဇောတိကဓဇ ဒေါက်တာ ဦးစောမြင့်က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## သံလွင်တံတား(မော်လမြိုင်) မီးရထားချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်း တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော မီးရထားချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းရုံး(မော်လမြိုင်ဘက်ကမ်း)သို့ ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ မော်လမြိုင်ဘက်ကမ်း မီးရထားချဉ်းကပ်တံတား တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူး ဦးတင့်လွင်နှင့် မုတ္တမဘက်ကမ်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဝန်ကြီးက သတ်မှတ်ချိန်အမီ ပြီးစီးအောင် လုပ်ငန်း အမျိုးအစားအလိုက် အဖွဲ့များခွဲ၍ တစ်ပြိုင်တည်း လုပ်ကိုင်နိုင်ရန် အစီအစဉ်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ၊ စက်ယန္တရားများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် သံလွင်တံတားပေါ်မှ ဖြတ်သန်းကာ မီးရထားချဉ်းကပ်တံတား အကျယ်နှင့် ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ တံတားတည်ဆောက်ရေး လုပ်ငန်းတစ်ခုလုံးအနေဖြင့် ၇၃ရာခိုင်နှုန်းပြီးစီးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၁) ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ (၅)နှစ်ဆက်တိုက် ပထမဆုရ မောင်အောင်ချမ်းမွန်အား ကျောင်းတာဝန်ခံဆရာမ ဒေါ်ခင်သီတာသန်းက ဆုချီးမြှင့်စဉ်။**
(က-ပ)

## သုမင်္ဂလာလမ်းမကြီးနှင့် ရတနာပုံလမ်းထောင့် တရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာ(၂)၊ ဆယ်သိန်းရပ်ကွက်၌ ဇန်နဝါရီ ၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် အရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်)ဆရာတော်၊ ၁၉ရက်(ကြာသပတေးနေ့)တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ဆရာတော်နှင့် ၂၀ရက် (သောကြာနေ့)တွင် အရှင်အာစာရာလင်္ကာရဆရာတော်တို့က ညနေ ၆နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီမံရေးရာဌာနကြီးမှူးဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်အမျိုးသမီးရေးရာအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီးဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်စန်းဝေနှင့် အရာရှိကြီးများ၏ဇနီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသမီးရေးရာအဖွဲ့ဝင်ဝန်ထမ်းများနှင့် မိသားစုဝင်အမျိုးသမီးများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ စုစုပေါင်းအင်အား ၃၅၀ကျော် တက်ရောက်ကြသည်။

**ပညာပေးဟောပြော**

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး **(အောက်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးရေးသမီးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက“အမျိုးသမီးများနှင့် ဥပဒေကဏ္ဍ” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အမျိုးသမီးရေးရာအဖွဲ့ ဝင်ခွင့်လျှောက်ထားသူ ၁၂၉၈ဦး၏ လျှောက်လွှာများကိုပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဲအင်းဂူအဝိဇ္ဇာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ဇန်နဝါရီ ၂၂ရက်မှ ၂၉ရက်အထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယပဓာန ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ဇဝနတိက္ခ (အောင်ချမ်းသာ–မုံရွာ)၊ တောင်ဥက္ကလာပ အမှတ်(၆)ဝိုင်း သဲအင်းဂူဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်း ကမ္မဋ္ဌာနာစရိယဆရာတော်ဘဒ္ဒန္တ စိန္တာမယ(ဓမ္မာစရိယ) (နယ်လှည့်သာသနာပြု ဓမ္မကထိက) အရှင်သူမြတ်တို့က အပါယ်တံခါးပိတ်၍ အသေတတ်၊ အနေမြတ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဇန်နဝါရီ၂၁ရက် (စနေနေ့) ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့်အတူ လာရောက် စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

# ဓမ္မဒူတဆရာတော် ဓမ္မခရီးစဉ်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတကျောင်းဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရသည် ဇန်နဝါရီ ၁၄ရက်တွင် သမ္မာဆန္ဒဆွမ်းအောင်ပွဲ သာယာဝတီမြို့၊ ၁၅ရက်တွင် အပင်နှစ်ဆယ် ပုသိမ်မြို့၊ ၁၆ရက်မှ ၁၉ရက်အထိ ဘုရားနီတရားစခန်း ဒါးကမြို့၊ ၂၀ရက် နံနက်တွင် ရွှေဥမင်တောရ မြောက်ဥက္ကလာပ၊ ယင်းနေ့ညပိုင်းတွင် ပေါက်စေတီကျောင်းတိုက်(မရမ်းကုန်း)၊ ၂၁ရက်တွင် ရှစ်မျက်နှာသုံးခွမြို့၊ ၂၂ရက်တွင် ဓမ္မဒူတတောရ ပဲခူး ဆယ်မိုင်ကုန်း၊ ၂၃ရက်တွင် မွေးနေ့ဝိနယ တံခွန်တရားပွဲ ပဲခူးမြို့၊ ၂၄ရက်တွင် မြောင်းမြကျောင်းတိုက် ပုသိမ်မြို့၊ ၂၅ရက်မှ ၃၁ရက်အထိ နဝရတ်ဓမ္မာရုံ သိမ်ဇရပ်တို့တွင် တရားတော်များဟောကြားမည်ဟု သိရသည်။

**(က–ပ)**

# (၆၁) နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၀၆ခုနှစ် မတ်လ၂၇ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲများကို အောက်ပါစည်းကမ်းချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့် (မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ)၊ မူလတန်း(အငယ်)အဆင့် (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း(အကြီး)အဆင့် (တတိယတန်း၊ စတုတ္ထတန်း)၊ အလယ်တန်းအဆင့် (ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးကျောင်းများ)နှင့် အလွတ်တန်းအဆင့်(တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပန်းချီ၊ ပန်းပုကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့်ခြောက်ဆင့် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် (ပလတ်စတာ) နှင့် (သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲ မူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ပြိုင်ပွဲဝင် ပန်းချီကား၏ အရွယ်အစားမှာ အလျားလက်မ၂၀ X အနံ၁၅လက်မ အရွယ်အတွင်း နှစ်သက်ရာ ဆေး၊ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်းနှင့် ကျောင်းလိပ်စာ၊ ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံဖော်ပြလျက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ စိစစ်ထောက်ခံချက်ဖြင့် စုစည်းပေးပို့ရမည်။

နှစ်လက်မ X နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၂၃–၂–၂၀၀၆ရက်နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စုစည်းပေးပို့ရန်နှင့် ၎င်းပြိုင်ပွဲဝင်လက်ရာများကို ၁–၃–၂၀၀၆ရက် နောက်ဆုံးထား၍ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့လည်းကောင်း စုစည်းပေးပို့ရမည်။

အလွတ်တန်းအဆင့်(ပန်းချီ)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပန်းချီကားများကို အလျား လက်မ၃၀ X အနံ လက်မ၂၀ အရွယ်အတွင်း နှစ်သက်ရာဆေး၊ စက္ကူ၊ ကင်းဗတ် နည်းစနစ်တို့ဖြင့် အသုံးပြုရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်း၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန်နေရပ်လိပ်စာတို့ကို ဖော်ပြပါရှိရမည်။ နှစ်လက်မ X နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၁–၃–၂၀၀၆ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၆ခုနှစ် မတ်၁ရက်မှ ၃ရက်အတွင်း အတွင်းရေးမှူး ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

အလွတ်တန်းအဆင့်(ပန်းပု) (ပလတ်စတာ)နှင့် အလွတ်တန်းအဆင့် (ပန်းပု) (သစ်သား) ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင် ပန်းပုလက်ရာများသည် အမြင့် ၃၆လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည် ၂၄လက်မထက် မကြီးစေရ၊ နှစ်သက်ရာသစ်သား၊ ပလတ်စတာ စသည်တို့ဖြင့် ပြုလုပ်နိုင်သည်။ ကိုယ်တိုင်ထုလုပ်ကြောင်း ဝန်ခံချက်၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန်လိပ်စာ၊ ကိုယ်ရေးအကျဉ်းတို့နှင့်အတူ နှစ်လက်မ X နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်။ ပန်းပုရုပ်များကို နှစ်သက်ရာခေါင်းစဉ်ပေးနိုင်ပြီး ယခင်နှစ်များက ပြိုင်ပွဲပြပွဲသို့ တင်သွင်းခဲ့ဖူးသည့် ရုပ်တုမဖြစ်စေရ။ ၂၀၀၆ခုနှစ် မတ်၃ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုအားလုံးသည် နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်၊ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာ(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန် ဖြစ်သည်။

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ပန်းချီ၊ပန်းပုလက်ရာများကို ၂၀၀၆ခုနှစ် မတ်၁ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၆ခုနှစ် မတ်လ၁ရက်နေ့မှ ၃ရက်အတွင်း အတွင်းရေးမှူး ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲဝင် လက်ရာများအပြင် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတွင် ပန်းချီနှင့် ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၆၁)နှစ်မြောက်တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာ(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန် ဖြစ်သည်။

ရှေးခေတ်မြန်မာ့တပ်မတော် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ စသည့် တပ်မတော်၏သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲ ထုဆစ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့်ပန်းပုရုပ်တုများကို ၂၀၀၆ခုနှစ် မတ်၁ရက်မှ ၅ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့သာ တိုက်ရိုက်ပေးပို့ရန်ဖြစ်ကြောင်း စည်းကမ်းချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ နှစ်သစ်ကူးကာလ မီးရထား သယ်ယူပို့ဆောင်ရေး အထူးလုံခြုံရေးအတွက် မီးရထားဘူတာရုံတစ်ရုံတွင် လေ့ကျင့်နေသော ရဲတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# ၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှား၌ ရင်းနှီးမြှုပ်နှံမှု အာရှနိုင်ငံများမှ အများဆုံးဖြစ်ဟုဆို

ဂျာကာတာ ဇန်နဝါရီ ၁၃

**၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ တောင်ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ တရုတ်နှင့် ဂျပန်နိုင်ငံများ ကဲ့သို့ အာရှနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ဥက္ကဋ္ဌ မူဟာမ်မက်လွတ်ဖီက ပြောကြားသည်။**

အဆိုပါ အာရှနိုင်ငံများက ယင်းသို့ များပြားစွာ ရင်းနှီးမြှုပ်နှံမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ထောက်ပံ့ ဖြည့်ဆည်းပေးသည်နှင့်တူပြီး၊ ခန့်မှန်းတွက်ဆထားသည်ထက် အလားအလာ ပိုမိုကောင်းမွန်ခဲ့ကြောင်း အဆိုပါဥက္ကဋ္ဌ၏ ပြောကြားချက်ကို ကိုးကား၍ အင်တာရာသတင်းဌာနက ဇန်နဝါရီ ၈ရက်တွင် ဖော်ပြသည်။

**ပြောကြား**

တောင်ကိုရီးယားနိုင်ငံသည် စက်အစိတ်အပိုင်းများနှင့် အထည်အလိပ်များ ထုတ်လုပ်မှုနှင့်အတူ အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**စိတ်ဝင်စား**

အဆိုပါဘုတ်အဖွဲ့သည် လုပ်ငန်းသစ်အခွင့်အရေးများ ဖန်တီးဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမို စိတ်ဝင်စားစေရေး အတွက် ဝန်ဆောင်မှုနှင့် လိုအပ်သည့်အထောက်အပံ့ပစ္စည်းများတိုးတက် ကောင်းမွန်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြော ကြားသည်။

**ဆောင်ရွက်**

ရင်းနှီးမြှုပ်နှံမှုတွင် လိုအပ်သောပစ္စည်းများနှင့် လုံခြုံမှုရှိရေးသည် ရင်းနှီးမြှုပ်နှံမှု အသစ်ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကအကြောင်းရင်းဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အခွင့်အလမ်းများရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# အီရတ်တိုက်ခိုက်ရေးသမားများစုဆောင်းမှုဖြင့် မသင်္ကာဖွယ် လူ၂၀ကို စပိန်ရဲတပ်ဖွဲ့ ဖမ်းဆီး

မက်ဒရစ် ဇန်နဝါရီ ၁၃

**အီရတ်နိုင်ငံအတွင်း ပြောက်ကျားစစ်ဆင်ရန် လူစုဆောင်းမှုဖြင့် သင်္ကာမကင်းသူ လူ၂၀ကို စပိန်ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ဖမ်းဆီးလိုက်ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီး ဟိုဆေးစင်တိုနီယိုအလွန်ဆိုသူက ပြောကြားသည်။**

**ဖမ်းဆီး**

အီရတ်သို့ တိုက်ခိုက်ရေးသမားများ စေလွှတ်နေသည့် မက်ဒရစ်နှင့် ဘာစီလိုနာမှ ကလာပ်စည်းနှစ်ခုကို စပိန်ရဲတပ်ဖွဲ့ဝင်များက အင်္ဂါနေ့ နံနက်စောစောတွင် ဝင်စီးခဲ့ကြောင်း၊ မော်ရိုကို နိုင်ငံသား ၁၅ဦး၊ စပိန်နိုင်ငံသား သုံးဦး၊ တူရကီတစ်ဦး၊ အယ်ဂျီးရီးယား တစ်ဦးတို့ကို အီရတ်ပြောက်ကျားများ တိုက်ခိုက်ရေးသမားများအား ငွေကြေးနှင့် အထောက်အကူပစ္စည်းများ ထောက်ပံ့မှုဖြင့် ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

**ပြောကြား**

စပိန်နိုင်ငံအတွင်း တိုက်ခိုက်မည့် သက်သေခံမပြနိုင်သည့် တိုင်အောင် စစ်သွေးကြွများအနေဖြင့် အခြားသော ဥရောပနိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်နိုင်ကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဝေလ၌ ယာဉ်တိုက်မှုဖြစ် လေးဦးသေဆုံး၊ရှစ်ဦးဒဏ်ရာရရှိ

**လန်ဒန် ဇန်နဝါရီ ၁၃**

ဝေလမြောက်ပိုင်း လမ်းမကြီးတစ်လမ်းတွင် ဇန်နဝါရီ ၈ ရက်က မော်တော်ယာဉ်တစ်စီး လမ်းချော်ပြီး စက်ဘီးစီးအဖွဲ့တစ်ဖွဲ့အား တိုက်မိသဖြင့် လူငယ်တစ်ဦး အပါအဝင် လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ဒဏ်ရာရရှိ**

တိုယိုတာကိုရိုလာ မော်တော်ယာဉ်တစ်စီး မတော်တဆဖြစ်မှုကြောင့် လူလေးဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဝေလရဲတပ်ဖွဲ့က ပြောကြားသည်။

**စစ်ဆေး**

ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ ဒဏ်ရာအနည်းငယ်ရရှိသော်လည်း အခြားသူများမှာ ဒဏ်ရာ ပြင်းထန်ကြောင်း၊ သို့သော် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။ ယခုကဲ့သို့ မော်တော်ယာဉ် မတော်တဆဖြစ်မှုအတွက် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ထိုင်းနိုင်ငံရှိစက်ရုံတစ်ရုံ၌ ဓာတ်ငွေ့ယိုစိမ့် အလုပ်သမား ၁၀၀ခန့် ဆေးရုံတင်ပို့ခဲ့ရ

ဗန်ကောက် ဇန်နဝါရီ ၁၃

**ထိုင်းနိုင်ငံ ပတ်သွန်းသာနီပြည်နယ် အလယ်ပိုင်းရှိ စက်ရုံတစ်ရုံ၌ ဓာတ်ငွေ့ကန်နှစ်ခု ယိုစိမ့်မှုဖြစ်ပွားခဲ့ရာမှ အလုပ်သမား ၁၀၀ခန့် ထိခိုက်ဒဏ်ရာရပြီး ဇန်နဝါရီ ၁၀ ရက် ညပိုင်းက ဆေးရုံသို့တင်ပို့လိုက်ရကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၁ရက်၌ ပြောကြားသည်။**

အဆိုပါ ဓာတ်ငွေ့ယိုစိမ့်မှု မတော်တဆမှုမှာ အင်္ဂါနေ့ ညပိုင်းက ကလွန်လူအန်ခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်ငွေ့မှာ စက်ရုံသုံးပစ္စည်းများကို သန့်ရှင်းရေးပြုလုပ်ရာတွင် အသုံးပြုသော အက်ဆစ်ငွေ့များ ဖြစ်ကြောင်း၊ ပေါက်ကွဲမှုမဖြစ်ဘဲ ယိုစိမ့်ခဲ့ခြင်းဖြစ်ကြောင်း စက်ရုံမန်နေဂျာ ဆန်ဂတ်ကိုဆွန်းဘူရိယာက ပြောကြားသည်။

အဆိုပါ စက်ရုံတွင် အလုပ်သမား ၂၀၀၀ ခန့် အလုပ်လုပ်လျက်ရှိရာ ယင်းဓာတ်ငွေ့ကန်နှစ်လုံးမှ ဓာတ်ငွေ့များ ယိုစိမ့်လာသည်ကို တွေ့ရ၍ စက်ရုံအပြင်ဘက်သို့ ထွက်ပြေးရကြောင်း၊ သို့ရာတွင် လူ ၁၀၀ ခန့်အဆိပ် ဓာတ်ငွေ့များမိ၍ ဆေးရုံသို့တင်ပို့လိုက်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်၌ အအေးလှိုင်းကျရောက် လူ၅၂ဦးသေဆုံး

ဒါကာ ဇန်နဝါရီ ၁၃

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသအများစုတွင် အအေးလှိုင်းများ ကျရောက်ပြီး နှင်းများထူထပ်စွာ ကျဆင်းခဲ့သဖြင့် မကြာမီရက်များအတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းဒေသ အချို့တွင် လူ ၅၂ဦး သေဆုံးခဲ့ကြောင်း ရာသီဥတု ဆိုင်ရာဌာန ကြီးကြပ်ရေးအရာရှိ တစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။**

ပြောကြား

**နိုင်ငံ၏ အအေးဆုံးနေရာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းရှိ အစ်ရှူဝါဒီ၌ ဖြစ်ကြောင်း၊ လာမည့်ရက်အနည်းငယ်အထိ အအေးလှိုင်း ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**

ကျဆင်း

**အအေးလှိုင်းနှင့် နှင်းထူထပ်စွာကျဆင်းမှုများကြောင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ နေရာများစွာတွင် အီးဒ်ပွဲတော်အတွင်း ခရီးသွားလာကြသည့် ပြည်သူများအတွက် သယ်ယူပို့ဆောင်ရေးနှင့် ရေယာဉ်သွားလာရေးတို့မှာ အခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။**

အမ်အင်အေ၊ဆင်ဟွာ

# မိုဇမ်ဘစ်၌ ဆိုက်ကလုံးကြောင့်မိုးသည်းထန် ၂၂ ဦးသေဆုံး၊ ထောင်ပေါင်းများစွာထွက်ပြေးရ

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၁၃

**မိုဇမ်ဘစ်နိုင်ငံတွင် ဆိုက်ကလုံးမုန်တိုင်းကြောင့် မိုးများသည်းထန်စွာရွာသွန်းခဲ့ရာ အနည်းဆုံးလူ ၂၂ဦး ရေစီးတွင် မျောပါသေဆုံးခဲ့ကြောင်း၊ ထောင်ပေါင်းများစွာသော ပြည်သူများထွက်ပြေးကြရကြောင်း၊ အိမ်နီးချင်း တောင်အာဖရိကနှင့် မာလာဝီတို့တွင် အရေးပေါ်အခြေအနေများ ကြေညာထားရကြောင်း တာဝန်ရှိသူများက ယမန်နေ့ ဇန်နဝါရီ ၁၀ ရက်၌ ပြောကြားလိုက်သည်။**

ယင်းကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇန်နဝါရီ ၃ရက်က ရှစ်ဦးသာသေဆုံးခဲ့ကြောင်း ကြေညာထားရာမှ ယခုအခါ သေဆုံးသူအရေအတွက် သိသိသာသာ တိုးလာခြင်းဖြစ်ကြောင်း မိုဇမ်ဘစ်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

**ရင်ဆိုင်နေရ**

မိုးသည်းထန်စွာ ရွာသွန်းမှုမှာ မတ်လအထိ ဆက်လက်ရွာသွန်းနိုင်ကြောင်း၊ မိုဇမ်ဘစ် အစိုးရက ဆိုက်ကလုံး သတိပေးမှုပြုလုပ်ရန် အနေအထားသို့ ရင်ဆိုင်နေရကြောင်း ဖြင့်လည်း ၎င်းတို့က ပြောကြားသည်။

ယင်းကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ဆိုဖာလာဒေသတွင် ဝမ်းရောဂါဖြစ်ပွားသူ ၁၁၄ဦးရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးဝန်ကြီး လူးကက်ချော်မီရာက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

# ဟန်ဂေရီ၌ ယဉ်တိုက်မှုဖြစ်ပွား ခြောက်ဦးသေဆုံး

**ဘူဒါပက် ဇန်နဝါရီ ၁၃**

ဟန်ဂေရီနိုင်ငံတွင် ဇန်နဝါရီ ၇ရက်စနေနေ့က မော်တော်ယာဉ်တိုက်မှုဖြစ်ပွားရာ လူခြောက်ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဟန်ဂေရီနိုင်ငံ၏ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ပထမ မတော်တဆဖြစ်မှုမှာ ဟန်ဂေရီနိုင်ငံ ဖူလီမြို့မှ အက်ဇီကီစ်ဖိဟာဇာမြို့သို့ မောင်းနှင်လာသော ခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် လမ်းချော်ပြီး လျှပ်စစ်တာဝါတိုင်တစ်ခုနှင့် တိုက်မိခဲ့သဖြင့် လူသုံးဦးသေဆုံးပြီး ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဒုတိယ မတော်တဆဖြစ်မှုမှာ ဖူလီစီရင်စုအတွင်း မော်တော်ယာဉ်တစ်စီးနှင့် ထရပ်ကားတစ်စီးတို့ တိုက်မိခဲ့ကြသဖြင့် လူသုံးဦးသေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

**ဘဂ္ဂဒက် အရှေ့ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအား စစ်ဆေးနေသော အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အခြေခံခိုင်မာပြီး အရှည်တည်တံ့အောင် ဘက်ပေါင်းစုံက ရှုမြင်သုံးသပ်တိုင်ပင် ညှိနှိုင်းရေးဆွဲကြရန်လိုအပ်

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးဝင်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**❐ ရှေ့ဖုံးမှ**

ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်ကြီးများ အသင်းဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီအောက်ရှိ ယာဉ်လိုင်းများမှ အသင်းဝင်များ၊ ဗီဒီယိုအခြေခံအဖွဲ့ဝင်များ၊ ရေယာဉ်အသင်းဝင်များ၊ ယွန်းပညာရှင် ကျောင်းသား ကျောင်းသူများ၊ သူနာပြုဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ စက်ရုံဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက် ၂၄ ရပ်ကွက်တို့မှ ပြည်သူများ၊ ဈေးများမှ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်း အင်အား ၂၅၀၀၀ ကျော်တို့ တက်ရောက်ကြသည်။



စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇော်ဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

အခမ်းအနားမစတင်မီ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများသည် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ အလောင်းဘုရားစစ်ကြောင်း စစ်ကြောင်းလေးကြောင်းဖြင့် စုရပ်အသီးသီးမှ လူထုအစည်းအဝေးကျင်းပသည့် မုံရွာမြို့ တိုင်းအားကစားကွင်းသို့ ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ ချီတက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးဝင်းမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင် ဒေါက်တာကျော်ဝင်းနောင်၊ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးမျိုးချစ်(အငြိမ်းစား)၊ စက်မှုလုပ်ငန်းရှင် ဦးငြိမ်းအောင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ဦးတင်ဝင်း၊ မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးရွှေဝင်းနှင့် မုံရွာမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် ဦးတင်အောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မေသူဟိန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြူမိုးသန့်တို့က ဆောင်ရွက်ကြသည်။

## နိုင်ငံတော်အလံအား အလေးပြု

အခမ်းအနားမှူးက လူထုအစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ရှေးဦးစွာ သဘာပတိ မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် လူထုအစည်းအဝေးကြီးမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပွဲကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်ကိုပုံဖော်ရာတွင် မရှိမဖြစ်လိုအပ်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသား ညီလာခံကျင်းပရေးအတွက် ၁၉၉၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားညီလာခံကျင်းပနိုင်ရန်အတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာတွင် နိုင်ငံရေးပါတီများမှ အရွေးချယ်ခံ ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလ အရွေးချယ်ခံ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း။

## ဖွဲ့စည်းဆောင်ရွက်

၁၉၉၂ ခုနှစ် ဇွန် ၃၀ ရက်တွင် တစ်ကြိမ်၊ ဇူလိုင် ၁၀ ရက်တွင် တစ်ကြိမ် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး အမျိုးသားညီလာခံမှာ ဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်အမျိုးအစားနှင့် ဦးရေကို သတ်မှတ်ပေးခဲ့ပါကြောင်း၊ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

## အခြေခံမူ(၁၀၄)ရပ် ချမှတ်နိုင်

ယင်းနောက် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမ၌ စတင်ကျင်းပခဲ့ကြောင်း၊ နိုင်ငံတော်အခြေခံမူများကို ၁၉၉၃ ခုနှစ် ဇွန် ၇ ရက်မှ စက်တင်ဘာ ၁၆ ရက်အတွင်း ဆွေးနွေးညှိနှိုင်းခဲ့ပြီး အများသဘောတူညီမှုဖြင့် အခန်းလိုက်ခေါင်းစဉ်(၁၅)ရပ်နှင့် အခြေခံမူ(၁၀၄)ရပ်ကို ချမှတ်နိုင်ခဲ့ပါကြောင်း။

၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကြေညာခဲ့သည့်အတိုင်း ပထမလမ်းစဉ်ဖြစ်သော ယာယီရပ်ဆိုင်းခဲ့သည့် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်ကျင်းပခဲ့ကြောင်း။

## နိုင်ငံတော်သစ်ပုံဖော်နိုင်

တိုင်းပြည်တစ်ပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးသည် ယင်းတိုင်းပြည်၌ ခေတ်သစ်စနစ်သစ်ပြောင်းသည့် အခြေအနေမျိုးသို့မဟုတ် လွတ်လပ်ရေးရရှိသည့် အခြေအနေမျိုးတွင် နိုင်ငံတော်သစ်ကို ပုံဖော်နိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းကြရစမြဲဖြစ်ကြောင်း၊ အတိတ်ကာလက ရေးဆွဲခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အလျင်စလို ရေးဆွဲခဲ့သည့်အတွက် အားနည်းချက်များသည်ကို တွေ့ရပါကြောင်း၊ ယင်းအားနည်းချက်ကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမည့်အန္တရာယ်အထိ ဆိုက်ရောက်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အခြေခံခိုင်မာပြီး အရှည်တည်တံ့နေအောင် ဘက်ပေါင်းစုံက ရှုမြင်သုံးသပ်တိုင်ပင်ညှိနှိုင်းရေးဆွဲကြရန် လိုအပ်ပါကြောင်း။

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ရွာတုံရွာမှ တောင်သူ ဦးကျော်ဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အတားအဆီး အခက်အခဲများ မည်မျှပင်ရှိစေကာမူ အမျိုးသားညီလာခံကြီးကို ၅–၁၂–၂၀၀၅ ရက်တွင် ပြန်လည်ကျင်းပခဲ့ရာ၌ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ဦး တက်ရောက်ညှိနှိုင်း ဆွေးနွေးအကြံပြုရေးဆွဲနေကြသည်ကို နေ့စဉ် သတင်းစာ၊ တီဗွီရုပ်မြင်သံကြားနှင့် ရေဒီယိုတို့က ကြားနေမြင်နေရပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်၌ မည်သည့်စနစ်ကို ကျင့်သုံးသည်ပင်ဖြစ်စေ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမယ်"**ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

## အင်တိုက်အားတိုက်ပါဝင်

ထို့ကြောင့် အနာဂတ်ရေးအတွက် အသက်တမျှအရေးကြီးသည့် အခြေခံဥပဒေကို တိုင်းရင်းသားပြည်သူများ၏ ဘဝဆန္ဒနှင့်အညီရေးဆွဲနိုင်ရန် လိုအပ်ပါကြောင်း၊ ဤသို့ရေးဆွဲကြမည့် ကိုယ်စားလှယ်များ၏ တိုင်းချစ်၊ ပြည်ချစ်စိတ်ကို အခြေခံပြီး နိုင်ငံတော်အတွက် အရှည်မြော်မြင်မှု၊ စိတ်ရှည်သည်းခံမှု၊ စည်းလုံးညီညွတ်မှုတို့ရှိမှသာ အမျိုးသားညီလာခံကြီး အောင်မြင်ပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကိုချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် ယနေ့နိုင်ငံတော်၏ အရေးကြီးဆုံးလုပ်ငန်းစဉ်ကြီးဖြစ်သည့်အတွက် မိမိတို့တိုင်းရင်းသားပြည်သူအားလုံး အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ လူထုအစည်းအဝေးကြီးကို တက်ရောက်လာကြသည့် ပြည်သူလူထုကြီးကတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံးကို တိုက်တွန်းနှိုးဆော်လိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှု ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီး အောင်မြင်စေရေးအတွက် ပြည်သူအားလုံး ကျရာအခန်းကဏ္ဍမှ ကူညီဆောင်ရွက်သွားကြပါစို့၊ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ဇော်ဦးက တင်သွင်းရာတွင် ယနေ့နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည့်အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများသည် ခိုင်ခိုင်မာမာပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် အခြေခံစီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများကို ရရှိလာသည်နှင့်အမျှ ပြည်သူလူထုလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေလျက်ရှိသည်ကိုလည်း ပြည်သူလူထုကြီး မျက်မြင်ပင်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော် ချောက်ထဲမကျအောင်၊ ကမ္ဘာ့ဖြစ်ပေါ်တိုးတက်မှုများကို အမီလိုက်နိုင်အောင်နှင့် နိုင်ငံအနှံ့ဘက်စုံ တိုးတက်အောင် ပြည်သူ၊ အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်တိုးတက်နေသည်ကို မည်သူမျှ မငြင်းနိုင်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က တိုးတက်အောင် ဦးတည်ချက် (၁၂)ရပ် ချမှတ် အကောင်အထည်ဖော်နေသကဲ့သို့ အနာဂတ်နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းကို မည်သူတစ်ဦးတစ်ယောက်၏ အကူအညီကိုမျှ မယူဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်နေသည်ကိုလည်း ပြည်သူလူထုကြီး အသိအမြင်ပင်ဖြစ်ကြောင်း။

ယခုကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်ရေး၊ နိုင်ငံတော်၏ အတိတ်သမိုင်းမှ ခါးသီးသော အတွေ့အကြုံများကို ရှောင်ရှားနိုင်ရေး၊ နိုင်ငံတော်၏ ပကတိ အရှိတရားများကို မျက်ကွယ်မပြုဘဲ အခြေခံရေးဆိုသည့် အချက်သုံးချက်ကို အဓိကထားသည်ကို တွေ့ရကြောင်း၊ ၎င်းသည် နိုင်ငံတော်သစ်ပုံဖော်ရာတွင် အလွန်အရေးကြီးပြီး အလွန်သတိမူရမည့် အချက်များဖြစ်ကြောင်း။

## ပကတိအရှိတရား

ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်မှ နိုင်ငံတော်အစဉ်တည်တံ့နေအောင် စိတ်ချရမည်ဖြစ်ကြောင်း၊ ထို့အပြင် အတိတ်သမိုင်းက ခါးသီးသည့် အတွေ့အကြုံများကို သင်ခန်းစာယူပြီး ရှောင်ရှားသွားရန် လိုကြောင်း၊ ထို့အတူ နိုင်ငံတော်တွင် တိုင်းရင်းသားပေါင်းစုံ ပါဝင်နေမှုစသည့် ပကတိအရှိတရားများကိုလည်း မျက်ခြည်မပြတ် အခြေခံသွားရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဤအချက်များကို အလေးထားထည့်သွင်း အခြေခံထားသည့် ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီး၏ မှန်ကန်မျှတမှု၊ ကြောင်းကျိုးဆီလျော်မှု၊ တည်ကြည်ခိုင်မာမှုများကို အထင်အရှား တွေ့ကြမည်ဖြစ်ကြောင်း။



စစ်ကိုင်းတိုင်း မုံရွာမြို့မှ ခရိုင်ဥပဒေ အရာရှိ ဦးမောင်မောင်လင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ယနေ့နိုင်ငံတော်အတွက် ပကတိလိုအပ်ချက်သည် အမျိုးသားညီလာခံတွင် စိတ်ရှည်လက်ရှည် အချိန်ယူပြီး အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ခိုင်မာသည့်အခြေခံကောင်းများ တည်ဆောက်ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပအဖျက်သမားများက မည်မျှပင် ပုတ်ခတ်စွပ်စွဲ ထိုးနှက်တိုက်ခိုက်ပါစေ မိမိတို့ ပြည်သူများအနေနှင့် မိမိတိုင်းပြည်၏ နောင်ရေးကို မိမိတို့ အချင်းချင်းပင် တိုင်ပင်ဆုံးဖြတ်ကြရမည် ဖြစ်သကဲ့သို့ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့် စကားအတိုင်း ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

ခိုင်မာသည့် အခြေခံဥပဒေသစ်တစ်ရပ် အနှစ်သာရရှိရှိ ထွက်ပေါ်လာရေးအတွက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်ကစပြီး အမျိုးသားညီလာခံကြီးကို ကိုယ်စားလှယ်များစုံညီစွာဖြင့် တတိယအကြိမ် ပြန်လည်ကျင်းပနေပြီဖြစ်ကြောင်း။

## ပြည်သူလူထုတစ်ရပ်လုံးထောက်ခံကြိုဆို

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ တစ်မျိုးသားလုံး၏ အသက်သွေးကြောဖြစ်သည့် အခြေခံဥပဒေကို ရေးဆွဲပုံဖော်နိုင်ခြင်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင် အကျုံးဝင်နေသည့် အမျိုးသားရေးလုပ်ငန်းကြီးဖြစ်သည့်အတွက် အမျိုးသားအင်အားစုကြီးများပါဝင်နေသည့် အမျိုးသားညီလာခံကြီးကို မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံကြိုဆိုသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒကြီးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးနှင့်အညီ စာမျက်နှာ ၆ ကော်လံ ၁

14-1 (05).p65 1 3/24/1905, 5:56 PM

# အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အခြေခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အလွန်အရေးကြီး

*စာမျက်နှာ ၅ မှ*

အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရန်အတွက် မိမိတို့ ပြည်သူအပေါင်းက ကျရာအခန်းကဏ္ဍကနေပြီး ဝိုင်းဝန်းကြိုးပမ်း ကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကသာ အနာဂတ်နိုင်ငံတော်၏ အသက်သွေးကြောဖြစ်သည့် ဖွဲ့စည်းပုံအခြေခံမူများကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို တင်သွင်းသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နုနုဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယခုအချိန်သည် မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ယခုဆိုလျှင် ဖွံ့ဖြိုးတိုးတက်မည့် အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊

## လုံးဝအထိပါးမခံ

**ယနေ့ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများ သြဇာခံများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူရန်အထိ နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်နေသည်ကို တွေ့နေရကြောင်း၊ အကယ်၍ မိမိတို့ကသာ အနောက်ဒီမိုကရေစီကို ချက်ချင်းပုံတူကူးပါမည်၊ အနောက်နိုင်ငံကြီးများ၏ သြဇာခံလုပ်ပါမည်ဟု ခေါင်းညိတ်လိုက်လျှင် ဤထိုးနှက်မှုများ၊လုပ်ကြံဖန်တီး တိုက်ခိုက်မှုများ လုံးဝပျောက်ပြီး အထောက်အပံ့အချို့တောင် ရလာနိုင်စရာရှိကြောင်း၊ သို့သော်လည်း မိမိတို့ မြန်မာအစိုးရနှင့် မြန်မာပြည်သူများသည် မိမိတို့ လူမှုဘဝနှင့် ကိုက်ညီမှုမရှိသည့် အနောက်ဒီမိုကရေစီကို ပုံတူမကူးသည့်အပြင် အနောက်သြဇာခံလည်း မလုပ်ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုး၊ စံများကို လုံးဝအထိပါးမခံကြောင်း။**

မုံရွာတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြ ဦးကျော်မိုးဝင်းသန့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆရာမ ဒေါ်ပေါက်ပေါက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးသောင်းအေး (အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နုနုဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ပအားကိုး ပြည်တွင်းပုဆိန်ရိုးများက မည်မျှပင်လိမ်လည်လှည့်ဖြား စွပ်စွဲပုတ်ခတ်ပါစေ၊ ပြည်ပနိုင်ငံများကလည်း မဟုတ်မမှန်သတင်းပေးချက်များအပေါ်တွင် မည်မျှပင် နားယောင်ပြီး ပိတ်ဆို့နေပါစေ မိမိတို့ ဦးတည်ရမည်မှာ မိမိတို့နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးပင်ဖြစ်ကြောင်း၊ ရွှေဟင်္သာဆရာတော်ကြီး၏ သြဝါဒဖြစ်သည့် **“အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့”**ဆိုသော စကားအတိုင်း ပြည်တွင်းပြည်ပအဖျက်သမားများက မည်သို့ပင်ဖျက်ဖျက် ချမှတ်ထားသည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးအောင်ဇော်ဦးတင်သွင်းသွားသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးသောင်းအေး (အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် တပ်မတော်သည် နိုင်ငံတော်အတွင်း အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့လေတိုင်း နိုင်ငံတော်ကို ဝင်ရောက်ထိန်းသိမ်းခဲ့ရသည့် အစဉ်အလာများရှိခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးရအောင် နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ရာတွင်လည်း တပ်မတော်သည် ပြည်သူများနှင့်အတူ တိုက်ပွဲဝင်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရပြီး တစ်ဆက်တည်းပေါ်ပေါက်လာသည့် ပြည်တွင်းဆူပူမှု၊ ၁၉၅၈ ခုနှစ် ပြည်ပအန္တရာယ်များ ပေါ်ပေါက်လာမှု၊ ၁၉၆၂ ခုနှစ် နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်ပေါ်ပေါက်လာမှုတို့တွင် တပ်မတော်ကဝင်ရောက်ထိန်းသိမ်းကာကွယ်လိုက်သည်ကို မိမိတို့ပြည်သူများ အမှတ်ရနေကြပါကြောင်း၊ အလားတူ ၁၉၈၈ ခုနှစ်တွင် တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး မင်းမဲ့စရိုက်ဆန်ဆန် မည်သူမျှ ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ မီးဟုန်းဟုန်းတောက်ပြီး နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးရတော့မည့်အန္တရာယ်ကနေ အမျိုးသားရေးကို အစဉ်သစ္စာစောင့်သိသော တပ်မတော်ကပင် ဝင်ရောက်ကာကွယ်ထိန်းသိမ်းခဲ့ရပြန်ပါကြောင်း၊ နိုင်ငံတော်၏ သမိုင်းတစ်လျှောက် တပ်မတော်သည် ပြည်သူနှင့်လက်တွဲပြီး နိုင်ငံတော်ကို အဘက်ဘက်က ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် အစဉ်အလာကို မိမိတို့အားလုံး ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် နှစ်ပရိစ္ဆေဒများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက် နေထိုင်ခဲ့ကြပြီး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ လက်တွဲခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုပြိုကွဲမည့် အကြောင်းအချက်တစ်စုံတစ်ရာကိုမှ လက်မခံနိုင်သကဲ့သို့ ပြည်ထောင်စုမှ ခွဲထွက်ရေးကိုလည်း မည်သည့်အကြောင်းနှင့်မျှ လက်မခံနိုင်ပါကြောင်း။

ထို့ကြောင့် ယနေ့ နိုင်ငံတော်အစိုးရသည် အမျိုးသားရေးဦးတည်ချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရှေးရှုချီတက်နေခြင်းဖြစ်ပါကြောင်း၊ ဤသို့ချီတက်ရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အတိအကျ ချမှတ်ဆောင်ရွက်နေသည့်အပြင် ပထမဆုံးလမ်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ကျင်းပနေပြီဖြစ်ပါကြောင်း။

## မရှိမဖြစ်လိုအပ်

ယနေ့ကမ္ဘာကြီးမှာ တပ်မတော်နှင့်ကင်းကွာသည့်နိုင်ငံ တစ်နိုင်ငံမျှ မရှိပါကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်ကိုကျင့်သုံးသည်ဖြစ်စေ ယင်းစနစ်နိုင်ငံတော်အတွင်း တည်မြဲစွာ ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်တွင်းပြည်ပအဖျက်ရန်ကာကွယ်ရန်အတွက် တပ်မတော်တစ်ရပ် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အနိမ့်ဆုံးအားဖြင့် သဘာဝဘေး အန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းတို့၌ပါ တပ်မတော်သာလျှင် အခရာဖြစ်သည်ကို တွေ့နိုင်ပါကြောင်း၊ ထို့ကြောင့်လည်း **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”**ဆိုသည့် စကားအတိုင်း တပ်မတော်အင်အားရှိအောင် ကြိုးပမ်းနေကြခြင်းပင် ဖြစ်ပါကြောင်း။

သမိုင်းကြောင်းအရ တပ်မတော်၏ အခန်းကဏ္ဍသည် နိုင်ငံတော်အတွင်း အရေးပါသည့်အခန်းမှ အစဉ်အမြဲပါဝင်နေသည်ကို အထင်အရှားတွေ့ရပါကြောင်း။

## တက်ညီလက်ညီဆွေးနွေးတိုင်ပင်

ယခုဆိုလျှင် နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိနေပါကြောင်း၊ ပထမလုပ်ငန်းစဉ်ဖြစ်

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မေသူဟိန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြူမိုးသန့်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

သည့် အမျိုးသားညီလာခံကို ကျင်းပနေပြီး ကိုယ်စားလှယ် ၁၀၀၀ ကျော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးကို အကျေအလည် ညှိနှိုင်းဆွေးနွေးဆောင်ရွက်နေကြကြောင်း၊ အမျိုးသားညီလာခံကြီးကို နိုင်ငံတစ်ဝန်းလုံးမှ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များက တက်ညီလက်ညီ ဆွေးနွေးတိုင်ပင်ညှိနှိုင်းနေကြခြင်းဖြစ်ပါကြောင်း၊ ဤသို့ ဆွေးနွေးညှိနှိုင်းကြရာတွင်လည်း **ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကိုသာ ရှေးရှုပြီး စည်းလုံးညီညွတ်စွာ တိုင်ပင်ဆွေးနွေးနေကြခြင်းဖြစ်ပါကြောင်း၊ ထို့ ကြောင့်လည်း အမျိုးသားညီလာခံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးနေသည့် ကျယ်ပြန့်နက်ရှိုင်းသည့် အမျိုးသားနိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုကြီးပင် ဖြစ်ပါကြောင်း။**

ထို့ကြောင့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်း တင်သွင်းသွားသည့်အဆိုကို တစ်ခဲနက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

## တည်ဆောက်ဖြည့်ဆည်းပေး

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆရာမဒေါ်ပေါက်ပေါက်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ချမှတ်ဖော်ဆောင်လျက်ရှိပါကြောင်း၊ နယ်ပယ်စုံ၊ ကဏ္ဍစုံကို လွှမ်းခြုံနိုင်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရန် အစဉ်အမြဲ ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ် ရယူအသုံးပြုနိုင်သည့် အစဉ်လေ့လာသင်ယူနေသော ပညာရေးစနစ်ဖြစ်ထွန်းရန်လည်း ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြည့်ဆည်းနိုင်မည့် ပညာရေးဆိုင်ရာအခြေခံဆောက်အအုံများစွာကိုလည်း ဘယ်ခေတ်ဘယ်ကာလနှင့်မှ မတူအောင် တည်ဆောက်ဖြည့်ဆည်းပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ယနေ့မျက်မှောက်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိနေပါကြောင်း၊ ယနေ့ နိုင်ငံတကာမျက်နှာစာကိုကြည့်လျှင် နည်းပညာကွာဟမှု၊ ဓနအင်အားကွာခြားမှုများနှင့်အတူ နိုင်ငံကြီးတချို့က ယင်းတို့၏ သြဇာလောင်းရိပ်ကို ချဲ့ထွင်ထူထောင်နေသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း။

## အခိုင်အမာတည်ဆောက်

ယင်းသို့ အခြေအနေ အချိန်အခါမျိုးတွင် မိမိတို့ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ပညာရည်မြင့်မားပြီး အသိအမြင်၊ အတွေးအခေါ်၊ ဆင်ခြင်တုံတရားတို့နှင့် ပြည့်စုံကြွယ်ဝနေစေရန် လိုအပ်ပါကြောင်း၊ ထို့အပြင် မိမိတို့အားလုံး တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုတို့ကို ပေါင်းစည်းထားသည့် အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်ထားကြရမည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် မိမိတို့နိုင်ငံတွင် အဆင့်မြင့်ပညာကဏ္ဍကို တစ်ခေတ်ဆန်းစေသည့် ကွန်ရက်စနစ်ကို အသုံးပြုလာနိုင်ပြီဖြစ်၍ ပညာရေးစနစ် မြင့်သထက်မြင့်လာပြီဖြစ်ပါကြောင်း၊ ဤအစီအစဉ်သစ်သည် ကျောင်းတွင်းပညာရေးကို အထောက်အကူပြုစေသကဲ့သို့ ကျောင်းပြင်ပပညာရေးနှင့် လူတိုင်းအတွက် အကျိုးဝင်ပညာရေးကိုလည်း ပံ့ပိုးပေးနိုင်သည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် အနာဂတ် အဆင့်မြင့်ပညာရေးစနစ်ကို တံခါးဖွင့်လိုက်သကဲ့သို့ အီလက်ထရွန်နစ်ထုတ်လုပ်မှု အစီအစဉ်များကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍမှာလည်း ယခုအခါ မြန်မာနိုင်ငံတွင် ကျောက်ကြီးရောဂါ လုံးဝပပျောက်သွားပြီဖြစ်ကြောင်း၊ သူငယ်နာ၊ အကြောသေ၊ ပိုလီယိုရောဂါပပျောက်သွားပြီး ဆုံဆို့နာ၊ မေးခိုင်၊ ကြက်ညှာချောင်းဆိုးနှင့် ဝက်သက်ရောဂါများကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါကြောင်း၊ အနာကြီးရောဂါ ကင်းဝေးသွားပြီး မျက်ခမ်းစပ်နှင့် မျက်မမြင်ရောဂါများကိုလည်း ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါကြောင်း၊ *စာမျက်နှာ ၇ ကော်လံ ၁*

14-1 (06).p65 1 3/24/1905, 5:56 PM

## တစ်ခဲနက် ကြွေးကြော်

**စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။**

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ကူးစက်မြန်ရောဂါများဖြစ်ကြသည့် ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါများကိုလည်း တားဆီးကာကွယ်နိုင်ခဲ့သည့်အပြင် ခေတ်ပေါ် ဆား(SARS)ရောဂါကိုလည်း ပြည်သူလူထုနှင့် ပူးပေါင်းပြီး အောင်မြင်စွာ တားဆီးကာကွယ်နိုင်ခဲ့ပါကြောင်း၊ HIV/AIDSရောဂါကိုလည်း အမျိုးသားအဆင့်ကော်မတီမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်အထိ တားဆီးကာကွယ် ပညာပေးရေး၊ တိုက်ဖျက်ရေးကော်မတီများဖွဲ့စည်းကာ ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ပါကြောင်း။

### လေ့ကျင့်ပျိုးထောင်

မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု အစဉ်အလာအရ ကလေးသူငယ်များကို ဦးစားပေးစောင့်ရှောက်ခဲ့ကြပါကြောင်း၊ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"ဆိုတဲ့စကားအတိုင်း ကလေးသူငယ်များကို သနားကြင်နာမှုအပြည့်နှင့်ထိန်းသိမ်းကူညီစောင့်ရှောက်ခဲ့ကြပါကြောင်း၊ နိုင်ငံတော်အနေနှင့်လည်းအနာဂတ်သားကောင်းများဖြစ်သည့် ကလေးသူငယ်များကို ကမ္ဘာ့အဆင့်မီ အရည်အချင်းပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးရေးအတွက် စနစ်တကျ စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့နိုင်ငံတော်၏ အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ မှန်ကန်စွာကြည့်မည်ဆိုလျှင် ပညာရေး၊ ကျန်းမာရေး အခြေခံများ သိသိသာသာ ထူးထူးခြားခြား တိုးတက်အောင်မြင်လာသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများအပါအဝင် လူမှုဖွံ့ဖြိုးရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးအခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် အမျိုးသားစီးပွားရေး စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်ပြီး တိုးတက်မြင့်မားနေပြီဖြစ်ပါကြောင်း။

### အကောင်အထည်ဖော်ဆောင်ရွက်

ယခုလို ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်ဆက်လက်ဖြစ်ထွန်းစေရန် တည်ငြိမ်အေးချမ်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရပြည့်စုံသည့် ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲရပ်တည်နေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာတွင် ယခုအခါ လုပ်ငန်းစဉ်များအတော်ပင်ခရီးရောက်နေပြီဖြစ်၍ အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ကြီးများ စုံညီစွာတက် ရောက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းနေကြပြီဖြစ်ကြောင်း၊ ထိုအနာဂတ်နိုင်ငံတော် ပုံဖော်ရာတွင် အခြေခံကျသည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သော အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေး တင်ပြသွားသည်။

### အခြေခံစွမ်းအား

ထို့နောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မုံရွာတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြဦးကျော်မိုးဝင်းသန့်က ထောက်ခံဆွေးနွေး တင်ပြရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရှိခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှုရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ အသိဉာဏ်ပညာ ပြည့်စုံခြင်းဆိုသည့် အခြေခံအချက်သုံးချက်လိုအပ်ကြောင်း၊ အလားတူ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအား စသည့် တိုင်းပြည်၏ အခြေခံစွမ်းအား တောင့်တင်းမှုများဖြင့်သာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယင်းကဲ့သို့ အခြေခံစွမ်းအားများ တောင့်တင်းခိုင်မာလာရန် ကြိုးပမ်းတည်ဆောက်နေသကဲ့သို့ ပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက်လည်း ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်အနက် ပထမဆုံးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသား ညီလာခံကို ပြန်လည်ကျင်းပခဲ့ရာတွင် အောင်မြင်တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်နေပြီဖြစ်ကြောင်း။

### ရောဝတီတံတား(ရတနာပုံ)

မိမိတို့စစ်ကိုင်းတိုင်း၏ တိုးတက်ဖြစ်ထွန်းမှုများကို ကောက်နုတ်တင်ပြရလျှင် စစ်ကိုင်းတိုင်းအတွင်း၌ ၁၉၈၈ ခုနှစ် မတိုင်မီက ပေ ၈၀ မှ ပေ ၁၈၀ထိ တံတား ၆၉၉ စင်းရှိရာက ယနေ့ဆိုလျှင် ၃၂၉၇ စင်းထိရှိလာပြီဖြစ်၍ ၂၅၉၈ စင်းတိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီက ပေ ၁၈၀ အထက်တံတားကြီးပေါင်း ၁၄ စင်းရှိခဲ့ရာက ယနေ့ဆိုလျှင် ၃၈စင်း တည်ဆောက်ပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ဧရာဝတီတံတား (ရတနာပုံ)ကို မန္တလေး၊ စစ်ကိုင်း ဆက်သွယ်ကူးသန်းနိုင်ရန် တည်ဆောက်လျက်ရှိရာမှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံသားများအနေဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို မည်သည့် အဖျက်သမားများ၏ ဖျက်ဆီးခြင်းကိုမှ လက်မခံနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပကတိတိုးတက်မှုအခြေအနေများကို ကြည့်လျှင် မနာလိုမရှုဆိတ်သူများ ပြောသကဲ့သို့ မြန်မာနိုင်ငံသည် ထမင်းငတ်နေသည့် နိုင်ငံမဟုတ်သကဲ့သို့ အစာရေစာအတွက် လက်ဖြန့်ခံတောင်းစားနေရသည့် နိုင်ငံလည်းမဟုတ်ကြောင်း၊ လူတိုင်း ဝမ်းဝဝစားနိုင်ရုံမက ဆန်၊ အသားငါး၊ ပဲမျိုးစုံတို့သည် ပိုလျှံနေသည့်အတွက် ပြည်ပနိုင်ငံများကိုပင် တင်ပို့ရောင်းချလျက်ရှိနေကြောင်း၊ ဤသို့အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာအောင် မည်သူ့အကူအညီမျှ ရယူဆောင်ရွက်ခဲ့ခြင်း မဟုတ်သကဲ့သို့ မည်သည့်နိုင်ငံ၏ ပယောဂနှင့်မစွက်ဖက်နှောင့်ယှက်မှုမျိုးကိုလည်း လက်မခံနိုင်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်နှင့်ပြည်သူတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အခြေခံဥပဒေကိုရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အချုပ်အခြာအာဏာသည် မိမိတို့ပြည်သူအားလုံး၏ အသက်ဝိညာဉ်ဖြစ်ကြောင်း၊ ထို့ကြောင့် အချုပ်အခြာအာဏာကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အခြေခံခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အလွန်ကိုအရေးကြီးလှပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်ရမည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများညှိနှိုင်းရေးဆွဲနေသည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့ပြည်သူတစ်ရပ်လုံး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံပြီး စည်းစည်းလုံးလုံး အင်တိုက်အားတိုက်ပါဝင်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း တင်ပြရင်း ထောက်ခံဆွေးနွေးသွားသည်။

### ဒို့တာဝန်အရေးသုံးပါး

ယင်းနောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မုံရွာမြို့မှ ခရိုင်ဥပဒေအရာရှိ ဦးမောင်မောင်လင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးပင်ဖြစ်ပါကြောင်း၊ ဤရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံရမည့် တစ်မျိုးသားလုံးနှင့် အကျိုးဝင်သည့် မွန်မြတ်သည့်ပန်းတိုင်ပင်ဖြစ်ပါကြောင်း၊ ဤမွန်မြတ်သည့်ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန်အတွက် မိမိတို့နိုင်ငံသားအားလုံး ဦးထိပ်ပန်ဆင်ရမည်မှာ ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါး၏ အနှစ်ချုပ်သည် ပြည်ထောင်စုကြီးမပြိုကွဲရေးဖြစ်သည့်အတွက် မိမိတို့တိုင်းရင်းသားပြည်သူအားလုံး၏တူညီသောဆန္ဒသည် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးပင်ဖြစ်ပါကြောင်း၊ ဤသို့ပြည်ထောင်စုကြီးအရှည်တည်တံ့ခိုင်မြဲရေး တာဝန်ကို အမျိုးသားညီလာခံက ထမ်းဆောင်လျက်ရှိပါကြောင်း။

အခြေခံဥပဒေသည် နိုင်ငံတစ်ခုကို မည်သည့်ပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းတည်ထောင်မည်ဆိုသည်ကို သတ်မှတ်ပြဋ္ဌာန်းပေးပါကြောင်း၊ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် ရေမြေ သဘာဝ၊ ရာသီဥတု၊ လူမျိုးစရိုက်၊ ယဉ်ကျေးမှုဓလေ့အစဉ်အလာ၊ ပထဝီအနေအထား၊ သမိုင်းကြောင်းနှင့် ဆန္ဒသဘောထားတို့ တူညီကြသည်မဟုတ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအလိုက် မိမိတို့လူမျိုး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုဓလေ့အစဉ်အလာ၊ ရေမြေ ဥတုရာသီ၊ နိုင်ငံသားများ၏ ဆန္ဒသဘောထားနှင့် အကျိုးစီးပွားကို အခြေခံပြီး လိုက်ဖက်ညီ၊ ဆီလျော်သင့်တော်မည့် အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းကြခြင်းဖြစ်ကြောင်း။

### အမှန်ကန်ဆုံး၊ အမျှတဆုံး

**နိုင်ငံတစ်ခု၏ အခြေခံဥပဒေကို ပြင်ပနိုင်ငံများက ဝင်ရောက်ရေးဆွဲပေးခြင်းမျိုးသည် သဘာဝမကျသကဲ့သို့ လက်ခံနိုင်စရာလည်း အကြောင်းမရှိပါကြောင်း၊ ကိုယ့်ဆန္ဒ၊ ကိုယ့်စရိုက်၊ ကိုယ့်သမိုင်းကို ကိုယ်သာအသိဆုံး၊ ကိုယ်သာ ပဓာနအကျဆုံးဖြစ်သည့်အတွက် နိုင်ငံသားများကိုယ်တိုင် ပါဝင်ရေးဆွဲခြင်းသာလျှင် အမှန်ကန်ဆုံး၊ အမျှတဆုံး ဖြစ်မည်မလွဲပါကြောင်း။**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်တွင်ရှိသည့် ဥပဒေအားလုံး၏ အခြေခံဖြစ်သည့်အတွက် အခြားပြဋ္ဌာန်းပြီး တည်ဆဲဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်မည်ဆိုလျှင် အခြေခံဥပဒေနှင့်အညီ အခြေခံဥပဒေဘောင်အတွင်းမှ အနှစ်သာရများနှင့်အညီ ဖွင့်ဆိုရမည် ဖြစ်ပါကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုမှုမှန်သမျှ အခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေရပါကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေကို Constitution လို့ သုံးသကဲ့သို့ Basic Law ဟုလည်း ခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည့်အတိုင်း နိုင်ငံတော်ကို ဘယ်ပုံစံ၊ ဘယ်အမျိုးအစားနှင့် တည်ဆောက်မည်ကို စဉ်းစားဆုံးဖြတ်ကြရာတွင် တချို့က ဘုရင်စနစ်၊ တချို့က စည်းမျဉ်းခံ ဘုရင်စနစ်၊ တချို့က တစ်ပြည်ထောင်စနစ်၊ တချို့က ပြည်ထောင်စုစနစ် စသဖြင့် မိမိတို့နှစ်သက်ရာပုံစံနှင့် တည်ဆောက်ကြပါကြောင်း၊ မည်သည့်ပုံစံနှင့် တည်ဆောက်သည်ဖြစ်ပါစေ၊ အခြေခံဥပဒေကို တစ်ဦးတစ်ယောက်၊ တစ်ပါတီ၊ တစ်ဖွဲ့တည်းက ရေးဆွဲခြင်းသည် မပြည့်စုံ၊ မမှန်ကန်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူထုနည်းဖြင့်ရေးဆွဲ၊ လူထုထံချပြ၊ လူထုဆန္ဒဖြင့် အတည်ပြုသည့် အခြေခံဥပဒေသည်သာ ပိုမိုခိုင်မြဲတည်တံ့မည်ဖြစ်ပါကြောင်း၊ ယခုမိမိတို့ ကျင်းပဆဲ အမျိုးသားညီလာခံတွင် လူထုကိုယ်စားလှယ်များ စုံညီစွာဖြင့် ညှိနှိုင်းရေးဆွဲနေခြင်းဖြစ်၍ ခိုင်မြဲတည်တံ့မည်မှာ သေချာနေပါကြောင်း။

### မျက်ခြည်ပြတ်မခံ

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ပါ ပြဋ္ဌာန်းချက်အတိုင်း ယာယီရပ်ဆိုင်းခဲ့သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ပါကြောင်း။

ယခုကျင်းပဆဲ အမျိုးသားညီလာခံက ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ခုထက်ပိုပြီး ဒီမိုကရေစီကျအောင်၊ တိုင်းရင်းသားလူမျိုးစုအသီးသီး အတွက် ရသင့်ရထိုက်သည့် သင့်တင့်မျှတသည့် အခွင့်အရေးများ တန်းတူညီမျှရရှိနိုင်အောင်၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် အဘက်ဘက်က ဆောင်ကြဉ်းပေးနေခြင်းကြောင့် အနာဂတ်နိုင်ငံတော်အတွက် အာမခံချက် အပြည့်အဝရှိနေပြီဟု ရှုမြင်ခံစားကြရပါကြောင်း၊ တစ်မျိုးသားလုံး၏ အသက်သွေးကြောဖြစ်သည့် အခြေခံဥပဒေကို ရေးဆွဲပုံဖော်နိုင်ခြင်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်အကျိုးဝင်နေသည့် အမျိုးသားရေးလုပ်ငန်းကြီးဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီးကို မိမိတို့ပြည်သူတစ်ရပ်လုံးက အားပေးထောက်ခံကြိုဆိုသွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အမျိုးသားရေးမူဝါဒ ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးနှင့်အညီ အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် မိမိတို့အားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

### တိုးတက်တည်ဆောက်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ရွာတုံရွာမှ တောင်သူဦးကျော်ဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့နိုင်ငံတော်မှ ဒေသစုံ၊ ကဏ္ဍစုံတွင် ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးဒေသ ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ စိုက်ပျိုးရေး

စာမျက်နှာ ၁၁ ကော်လံ ၁

14-1 (07).p65 1 3/24/1905, 5:56 PM

# အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း( ၄ )

စိုး[...]

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံမူများတွင် နိုင်ငံတော် ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကို တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခုနှင့် ပြည်ထောင်စုနယ်မြေများပါဝင်သည့် ပြည်ထောင်စု နိုင်ငံအဖြစ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ယင်းသို့ ဖွဲ့စည်းဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကျင့်သုံးရာတွင် ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုများ ပြုသွားရန် အခြေခံမူများ ချမှတ်ထားပါသည်။

ယင်းအခြေခံမူများနှင့်အညီ ဥပဒေပြုရေးကိစ္စများ ဆောင်ရွက်ရန်အတွက် ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၂၂၄ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး ၎င်းလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟူ၍ ခေါ်တွင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေပြု အဖွဲ့အစည်းဖြစ်ပါသည်။ အလားတူပင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင်လည်း ဥပဒေပြုလွှတ်တော်တစ်ရပ်စီကိုလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များကိုလည်းကောင်း ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

ယင်းသို့ ဖွဲ့စည်းထားရှိသော ဥပဒေပြုအဖွဲ့အစည်း အသီးသီးအတွက် ဥပဒေပြုမှုအာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်သို့ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေး ကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဥပဒေပြုခွင့်အာဏာ အပ်နှင်းထားကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုဆက်လက်၍ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့က ဥပဒေပြုနိုင်သော ကိစ္စရပ်များကို ဖော်ပြထားသည့် ပြည်ထောင်စု ဥပဒေပြု စာရင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥပဒေပြုနိုင်သော ကိစ္စရပ်များကို ဖော်ပြထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းကိုလည်းကောင်း ဆက်လက်ရှင်းလင်း တင်ပြသွားမည်ဖြစ်ပါသည်။

**စိုးမြကျော်–** ဘကြီးခင်ဗျာ။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုစာရင်းမှာ ပါဝင်တဲ့ ကဏ္ဍ(၁၁)ခုအနက် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနဲ့တရားစီရင်ရေးကဏ္ဍတို့ကို ပြည်ထောင်စုဥပဒေပြု စာရင်းမှာသာ ဖော်ပြထားကြောင်း သိခဲ့ရပါပြီ။ ကျန်တဲ့ကဏ္ဍတွေအတွက် ဥပဒေပြုမှုအာဏာ ဘယ်လိုခွဲဝေ အပ်နှင်းထားတယ်ဆိုတာ သိပါရစေ။

**ဘကြီးစိုး–** ဘဏ္ဍာရေးနှစ်စီမံကိန်းကဏ္ဍကို ဆက်ပြီး ဆွေးနွေးကြတာပေါ့။ အမျိုးသားညီလာခံက ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးနဲ့အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုပြီး ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာ အခြေခံရမယ့် မူတွေကို ချမှတ်ပေးထားပြီးဖြစ်ပါတယ်။ အဲဒီ အခြေခံရမယ့် မူတွေကတော့–

- **နိုင်ငံတော်သည် အများပြည်သူတို့၏နေထိုင်မှု အဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်၊**
- **နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်၊**
- **နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ ရရှိစေရန်ကူညီမည်၊**
- **နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်ပိုင် သိမ်းယူခြင်းမပြု၊**
- **နိုင်ငံတော်သည် တရားဝင်ထုတ်ပေးထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု၊**

စတာတွေပဲ ဖြစ်တယ်။

**စိုးမြကျော်–** ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍနဲ့ပတ်သက်ရင် နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီကျင့်သုံးဖို့ လိုတဲ့ကိစ္စတွေရှိသလို ဒေသအခြေအနေအလိုက် ကျင့်သုံးသင့်တဲ့ကိစ္စတွေလဲ ရှိတယ်လို့ လေ့လာသိရှိ ထားရပါတယ်ဘကြီး။

**ဘကြီးစိုး–** မှန်ပါတယ်။ တခြားနိုင်ငံ အတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကိုလဲ လေ့လာခဲ့ကြတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုလဲ လေ့လာခဲ့ကြတယ်။ အဲဒီအခါမှာ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီကျင့်သုံးရမယ့် ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာ လုပ်ငန်းများနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို နိုင်ငံတော်ရဲ့ အမြင့်ဆုံး ဥပဒေပြု အဖွဲ့က ကျင့်သုံးတာကို တွေ့ရတယ်။ ထို့အတူပဲ ဒေသအလိုက်၊ ပြည်နယ်အလိုက်ကျင့်သုံးဖို့ရှိတဲ့ လုပ်ငန်းများနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကိုတော့ သက်ဆိုင်ရာဒေသ၊ ပြည်နယ် ဥပဒေပြုအဖွဲ့တွေကို ခွဲဝေအပ်နှင်းကြတာတွေ့ရတယ်။

**စိုးမြကျော်–** ဟုတ်ကဲ့ပါ ဘကြီး။ လက်ရှိကျွန်တော်တို့ နိုင်ငံမှာတော့ အများပြည်သူတွေရဲ့ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနဲ့ အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာလုပ်ငန်းတွေဟာ ပြည်ထောင်စုအတွက်ရော၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေအတွက်ပါ မိမိအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် စီမံဆောင်ရွက်ဖို့လိုအပ်ကြောင်း တွေ့ရပါတယ်။

**ဘကြီးစိုး–** ဒါကြောင့်မို့ အမျိုးသားညီလာခံက ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ကိစ္စရပ် ၂၅ ခုကို ခွဲဝေအပ်နှင်းထားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ကိစ္စရပ် ၁၁ ခုကို ခွဲဝေအပ်နှင်းထားပါတယ်။ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားတဲ့ ဘဏ္ဍာရေးနှင့် စီမံကိန်း ကဏ္ဍဆိုင်ရာ ကိစ္စရပ်တွေကတော့–

**(၁) ပြည်ထောင်စုအရအသုံး ခန့်မှန်းခြေငွေစာရင်း၊**
**(၂) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊**
**(၃) ငွေစက္ကူထုတ်လုပ်ရေး၊ ဒင်္ဂါးသွန်းလုပ်ရေး၊**
**(၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊**
**(၅) နိုင်ငံခြားသုံးငွေ ထိန်းသိမ်းကြီးကြပ်ရေး၊**
**(၆) အရင်းအနှီးနှင့် ငွေကြေးဈေးကွက်၊**
**(၇) အာမခံလုပ်ငန်း၊**
**(၈) ဝင်ငွေခွန်၊**
**(၉) ကုန်သွယ်လုပ်ငန်းခွန်၊**
**(၁၀) တံဆိပ်ခေါင်းခွန်၊**
**(၁၁) အကောက်ခွန်၊**
**(၁၂) အောင်ဘာလေထီ၊**
**(၁၃) အခွန်အယူခံခြင်း၊**
**(၁၄) ပြည်ထောင်စု၏ ဝန်ဆောင်မှုလုပ်ငန်းများ၊**
**(၁၅) ပြည်ထောင်စုပိုင် ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊**
**(၁၆) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးခြင်း၊**
**(၁၇) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ရင်းနှီးမြှုပ်နှံခြင်း၊**
**(၁၈) ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊**
**(၁၉) ပြည်ထောင်စုအတွက် ပစ္စည်းရယူခြင်း၊**
**(၂၀) ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့၊**
**(၂၁) အမျိုးသားစီမံကိန်း၊**
**(၂၂) စာရင်းစစ်တမ်းကောက်ယူခြင်း၊**
**(၂၃) အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း၊**
**(၂၄) ရင်းနှီးမြှုပ်နှံမှု၊**
**(၂၅) စာရင်းစစ်ဆေးခြင်း၊**

တို့ပဲ ဖြစ်ပါတယ်။

**စိုးမြကျော်–** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အပ်နှင်းထားတဲ့ ဘဏ္ဍာရေးနှင့် စီမံကိန်းနဲ့စပ်လျဉ်းတဲ့ ကိစ္စရပ်(၁၁)ခုကိုလဲ သိပါရစေဘကြီး။

**ဘကြီးစိုး–** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ–

**(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံး ခန့်မှန်းခြေငွေစာရင်း၊**
**(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ၊**
**(၃) မြေယာခွန်၊**
**(၄) ယစ်မျိုးခွန် (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)**
**(၅) အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊**
**(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊**
**(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊**
**(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်း၊**
**(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊**
**(၁၀) ဒေသန္တရ စီမံကိ[...]**
**(၁၁) အသေးစားချေး[...]**

**စိုးမြကျော်–** ဒီစာရင်းအရဆိုရင် တိုင်[...] တွေမှာလဲ မိမိရဲ့အခြေ[...] စီမံကိန်း ကိစ္စရပ်တွေမှာ [...] ရရှိပြီး စီမံဆောင်ရွက်နိုင်[...]

**ကြီးကြီးမြ–** ၁၉၄၇ဖွဲ့စည်းအုပ်ချုပ်ပုံ[...] ဆိုရင် ပြည်နယ်ဥပဒေ[...]

ယနေ့ကာ[...] တွေကို ဖော်ဆော[...] လဲ တစ်နိုင်ငံလုံ[...] နေတယ် မဟုတ်[...] နယ်စပ်ဒေ[...] ရေးစီမံကိန်းအထူ[...] ဖွံ့ဖြိုးရေးစီမံကိန်[...] ပေးနေတာ ကို[...]

စီမံကိန်း ကိစ္စရပ်တွေ ခွဲဝေ[...] ကိစ္စဆိုပြီး ရောနှောဖော်[...]

**ဘကြီးစိုး–** အနာဂတ်နိုင်ငံတော် ဥပ[...] သာရအရ တိုင်းဒေသကြ[...] ပြုစာရင်းမှာ နံပါတ်(၁)[...] **ဒေသကြီး သို့မဟုတ်** [...] **ငွေစာရင်း**ဆိုင်ရာ ဥပဒေ[...] ခေတ်တုန်းက ပြည်နယ်[...] ခွင့်ပြုထားတာ မဟုတ်[...]

**ကြီးကြီးမြ–** ဟုတ်တယ်နော်ကိုစိုး၊ အဲ[...] လို့ လူသိများတဲ့ အရ[...] စပ်လျဉ်းပြီး ဥပဒေပြုခွင့်[...] အပ်နှင်းထားခဲ့တယ်နော်[...]

**ဘကြီးစိုး–** မှန်ပါတယ်ကွယ်။ အဲ[...]

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စ[...] ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်[...] ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အ[...] နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အ[...] အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်[...] နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် [...] ဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ တိုးတက်များပြားလာတဲ့အခါ ပြည်တွင်းမှာ သင့်တော်သလို ရင်းနှီးမြှုပ်နှံပြီး အဲဒီကရရှိတဲ့ အကျိုးအမြတ်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေထဲကို ထည့်သွင်းသုံးစွဲနိုင်ဦးမှာ ဖြစ်တယ်။ ဒါဟာ ဒေသဆိုင်ရာ ပြည်သူတွေ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဒေသအတွင်းမှာ အကျိုးခံစားခွင့် ရရှိအောင် အနာဂတ်နိုင်ငံတော်က ဆက်လက် ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။**

# (၇) စိုးမြကျော်

**ခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ က်ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏ ဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ အနာဂတ် ရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား ညီလာခံ ျားမည် ဖြစ်သည်။**

(၁၀) **ဒေသန္တရ စီမံကိန်း၊**
(၁၁) **အသေးစားချေးငွေလုပ်ငန်း**တို့ပဲ ဖြစ်တယ်။

**စိုးမြကျော်–** ဒီစာရင်းအရဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာလဲ မိမိရဲ့အခြေအနေတွေနဲ့အညီ ဘဏ္ဍာရေးနဲ့ စီမံကိန်း ကိစ္စရပ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဥပဒေပြုခွင့် ရရှိပြီး စီမံဆောင်ရွက်နိုင်ကြတာကို တွေ့ရပါတယ်ခင်ဗျာ။

**ကြီးကြီးမြ–** ၁၉၄၇ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကျင့်သုံးတုန်းကဆိုရင် ပြည်နယ်ဥပဒေပြုစာရင်းမှာ အခုလို ဘဏ္ဍာရေးနဲ့ စီမံကိန်း ကိစ္စရပ်တွေ ခွဲဝေမပေးထားခဲ့ဘူးကွယ့်။ စီးပွားရေးကိစ္စဆိုပြီး ရောနှောဖော်ပြထားတာကို တွေ့ရှိရတယ်။

**ဘကြီးစိုး–** အနာဂတ်နိုင်ငံတော် ဥပဒေပြုမှုအသွင်သဏ္ဌာန်နဲ့ အနှစ်သာရအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ နံပါတ်(၁)အနေနဲ့ ဖော်ပြထားတဲ့ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း**ဆိုင်ရာ ဥပဒေပြုခွင့်ဆိုရင် ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ပြည်နယ်တွေ၊ တိုင်းတွေအတွက် လုံးဝခွင့်ပြုထားတာ မဟုတ်ဘူး။

**ကြီးကြီးမြ–** ဟုတ်တယ်နော်ကိုစိုး၊ အဲဒီတုန်းက နိုင်ငံတော်ရဲ့ ဘတ်ဂျက်လို့ လူသိများတဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနဲ့ စပ်လျဉ်းပြီး ဥပဒေပြုခွင့်ကို ပါလီမန်တစ်ခုတည်းကိုသာ အပ်နှင်းထားခဲ့တယ်နော်။

**ဘကြီးစိုး–** မှန်ပါတယ်ကွယ်။ အဲဒီလို ပါလီမန်လွှတ်တော်ကို ဥပဒေပြုခွင့် အပ်နှင်းထားတယ်ဆိုပေမယ့် အဲဒီတုန်းက အာဏာရ နိုင်ငံရေးပါတီအစိုးရဟာ နိုင်ငံတော်ဘတ်ဂျက်ကို သူတို့ လိုသလို ရေးဆွဲပြီး လွှတ်တော်ရဲ့ အတည်ပြုမှုကို မယူဘဲ အကြိမ်ကြိမ်ပြဋ္ဌာန်းခဲ့လို့ ဝေဖန်သံတွေ ပွက်လောညံခဲ့သေးတယ် မဟုတ်လား။

**စိုးမြကျော်–** ဩော်–အဲဒီလို အဖြစ်အပျက်တွေရှိခဲ့တယ်နော်။ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီး အာဏာရ နိုင်ငံရေးပါတီအစိုးရက ထင်ရာစိုင်းခဲ့တဲ့ လုပ်ရပ်ပါပဲ။

**ကြီးကြီးမြ–** ဟုတ်တယ်ကွယ့်။ ပါလီမန်မှာ အတိုက်အခံတွေက အခြေခံဥပဒေနဲ့ မညီညွတ်ဘူးဆိုပြီး ကန့်ကွက်ခဲ့ကြသေးတယ်။ ဒါပေမယ့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို မျှော့ကြိုးလို လိုသလိုဆွဲပြီး အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြတာတွေကြောင့် နောက်ဆုံးမှာ ပါလီမန်ဒီမိုကရေစီစနစ် ပျက်သုဉ်းတဲ့အထိ ဖြစ်ခဲ့ရတာပါပဲ။

**ဘကြီးစိုး–** အဲဒီလို **အခြေခံဥပဒေကို မလိုတစ်မျိုး လိုတစ်မျိုး မျှော့ကြိုးလို မပြုလုပ်နိုင်အောင် အနာဂတ်နိုင်ငံတော်အတွက် အခြေခံမူနဲ့ အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်ရာမှာ ဘကြီးတို့ ညီလာခံကိုယ်စားလှယ်တွေက ညီလာခံတာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေကြတာပဲ ဖြစ်ပါတယ်။**

**စိုးမြကျော်–** အပြည့်အဝယုံကြည်ပါတယ် ဘကြီး။ **အခုလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း ထည့်သွင်းပေးထားတာကိုက နိုင်ငံအကြီးအကဲတွေရဲ့ တစ်နိုင်ငံလုံးအပေါ် တစ်ပြေးညီထားရှိတဲ့ စေတနာပေါ်လွင်နေသလို ဒီမိုကရေစီနည်းလမ်းတကျ မျှမျှတတ ဖော်ဆောင်ပေးထားတဲ့ အနှစ်သာရနဲ့လဲ ပြည့်ဝနေပါတယ်ခင်ဗျာ။**

**ဘကြီးစိုး–** **ပြည်ထောင်စုလွှတ်တော်က တစ်နိုင်ငံလုံးမှာရှိတဲ့ ဒေသအသီးသီး တစ်ပြေးညီ ရပ်တည်နိုင်အောင် ပြည်ထောင်စု အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြဋ္ဌာန်းပေးမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကလဲ ၎င်းတို့ရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ရေးဆွဲပြဋ္ဌာန်းနိုင်ကြမှာ ဖြစ်ပါတယ်။**

**ကြီးကြီးမြ–** ဒါနဲ့ ကိုစိုးရေ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းမှာ **ယစ်မျိုးခွန်(မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)**ဆိုပြီး ဥပဒေပြဋ္ဌာန်းခွင့်ပေးထားတာ တွေ့ရတယ်။ အဲဒီ အချက်ဟာ ဒီဘက်ခေတ်မှာ ထူးခြားတဲ့ အချက်ပဲနော်။

> ယနေ့ကာလမှာ နိုင်ငံတော်အစိုးရက အထူးစီမံကိန်းကြီးတွေကို ဖော်ဆောင်ပေးနေသလို ဒေသဆိုင်ရာ စီမံကိန်းတွေကိုလဲ တစ်နိုင်ငံလုံး ကွက်လပ် မကျန်အောင် ဖော်ဆောင်ပေးနေတယ် မဟုတ်လား။
>
> နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း စတာတွေကို အင်တိုက်အားတိုက် ဖော်ဆောင်ပေးနေတာ ကိုယ်တွေ့မျက်မြင်ပါ။

**ဘကြီးစိုး–** ဟုတ်တယ်ကွယ့်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ ပြည်နယ်ဥပဒေပြုစာရင်းမှာ သောက်သုံးသော သေရည်သေရက်၊ ဘိန်း၊ ဆေးခြောက်၊ မူးယစ်ထုံထိုင်းစေတတ်သောဆေးများ၊ မမူးမယစ် မထုံမထိုင်းစေတတ်သောဆေးများနဲ့ စပ်လျဉ်းပြီး အခွန်ကောက်ခံခွင့်ကို ပြည်နယ်တွေအတွက် ခွဲဝေပေးထားတာကို တွေ့ရတယ်။

**စိုးမြကျော်–** ဒါဟာ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးလုပ်ငန်းကြီးထွားကျယ်ပြန့်အောင် လုပ်ဆောင်ခဲ့တဲ့ ကိုလိုနီနယ်ချဲ့ရဲ့ ဆိုးမွေနဲ့ ပဒေသရာဇ်စနစ်ရဲ့ ဆိုးမွေတွေ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာ ကူးစက်ပါဝင်လာခဲ့တာပဲနော်။

**ဘကြီးစိုး–** ဒါပေါ့ကွယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံမှာ အဲဒီလို ဒဏ်ရာဒဏ်ချက်တွေ ကူးစက်ပြီး ပါမလာအောင် အထူးသတိပြုပြီး ဆောင်ရွက်နေရတာပဲ ဖြစ်ပါတယ်။

> **အနာဂတ်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးနဲ့ သက်ဆိုင်တဲ့ စီမံကိန်းတွေ ရှိမှာဖြစ်သလို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလိုက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရမယ့် ဒေသန္တရစီမံကိန်းတွေလဲ ရှိလာမှာ ဖြစ်တယ်။ အဲဒီလို ဒေသန္တရစီမံကိန်းတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေကရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကို တင်ပြကြတဲ့အခါ အဲဒီဒေသန္တရ စီမံကိန်းတွေနဲ့ စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ထည့်သွင်းပေးထားတာပဲ ဖြစ်ပါတယ်။**

**စိုးမြကျော်–** မှန်ပါတယ်ခင်ဗျာ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းမှာ ထည့်သွင်းပေးထားတဲ့ အခြားထူးခြားတဲ့ အချက်တွေရှိရင်လဲ သိပါရစေဘကြီး။

**ဘကြီးစိုး –** အဲဒီဥပဒေပြုစာရင်းမှာ ပါဝင်တဲ့ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း** ဆိုတဲ့ ကိစ္စရပ်တွေဟာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေရဲ့ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးထားတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

**စိုးမြကျော်–** အသေးစိတ်ရှင်းပြပေးပါဦး ဘကြီး။

**ဘကြီးစိုး –** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ** ဆိုပြီး ဥပဒေပြုခွင့်အာဏာအပ်နှင်းထားတယ် မဟုတ်လား။ အဲဒီလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေထဲက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးဖို့အတွက် ဘဏ္ဍာငွေတွေ ထုတ်ချေးဖို့ လိုအပ်လာရင် ထုတ်ချေးနိုင်ဖို့ ဥပဒေပြဋ္ဌာန်းခွင့် ရရှိထားတာဖြစ်တယ်။ ဒါ့အပြင် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ တိုးတက်များပြားလာတဲ့အခါ ပြည်တွင်းမှာ သင့်တော်သလို ရင်းနှီးမြှုပ်နှံပြီး အဲဒီကရရှိတဲ့ အကျိုးအမြတ်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေထဲကို ထည့်သွင်းသုံးစွဲနိုင်ဦးမှာ ဖြစ်တယ်။ ဒါဟာ ဒေသဆိုင်ရာ ပြည်သူတွေ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဒေသအတွင်းမှာ အကျိုးခံစားခွင့်ရရှိအောင် အနာဂတ်နိုင်ငံတော်က ဆက်လက်ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။**

**စိုးမြကျော်–** ကောင်းမွန်တဲ့ အစီအမံတွေပါပဲ ဘကြီး။

**ဘကြီးစိုး –** ကျန်သေးတယ်ကွယ့်။ **ယနေ့ကာလမှာ နိုင်ငံတော်အစိုးရက အထူးစီမံကိန်းကြီးတွေကိုဖော်ဆောင်ပေးနေသလို ဒေသဆိုင်ရာ စီမံကိန်းတွေကိုလဲ တစ်နိုင်ငံလုံး ကွက်လပ် မကျန်အောင် ဖော်ဆောင်ပေးနေတယ်မဟုတ်လား။**

**စိုးမြကျော်– ဟုတ်ကဲ့ပါဘကြီး။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်း စတာတွေကို အင်တိုက်အားတိုက် ဖော်ဆောင်ပေးနေတာ ကိုယ်တွေ့မျက်မြင်ပါပဲခင်ဗျာ။**

**ဘကြီးစိုး – အနာဂတ်မှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးနဲ့သက်ဆိုင်တဲ့ စီမံကိန်းတွေရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရမယ့် ဒေသန္တရစီမံကိန်းတွေလဲ ရှိလာမှာ ဖြစ်တယ်။ အဲဒီလို ဒေသန္တရစီမံကိန်းတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေကရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကို တင်ပြကြတဲ့အခါ အဲဒီ ဒေသန္တရစီမံကိန်းတွေနဲ့ စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ထည့်သွင်း ပေးထားတာပဲ ဖြစ်ပါတယ်။**

**ကြီးကြီးမြ– ၁၉၄၇ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမယ့် ဘဏ္ဍာရေးနဲ့ စီမံကိန်းကိစ္စရပ်မျိုးတွေ မပါသလောက်ပါပဲ။ အဲဒီတုန်းက ပြည်နယ်ဥပဒေပြုစာရင်းမှာ ပွဲလမ်းသဘင် ပျော်ရွှင်မှုများနှင့် လောင်းတမ်းကစားခြင်းများ အပေါ်တွင် စည်းကြပ်သောအခွန်များ ဆိုပြီး ဥပဒေပြုခွင့်အာဏာ ခွဲဝေပေးထား တာတောင် တွေ့ရတယ်။ ယနေ့ နိုင်ငံအကြီးအကဲတွေနဲ့ အမျိုးသားညီလာခံက ဖော်ဆောင်ပေးနေတဲ့ အနာဂတ် နိုင်ငံတော်ရဲ့ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာ အဲဒီလို မသင့်မြတ် မလျော်ကန်တာတွေ မပါစေဘဲ ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသန္တရစီမံကိန်းလို ကိစ္စရပ်မျိုးတွေပါလာတာ ကျေနပ်အားရစရာပါပဲကွယ်။**

**စိုးမြကျော်–** ဒါတွေဟာ သမိုင်းတစ်ခေတ် နိုင်ငံတော်ရဲ့ကဏ္ဍသစ်ကို ဖွင့်လှစ်ဖော်ဆောင်ပေးနေတာ ဖြစ်လို့ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းရဲ့ ရလဒ်တွေကို တိုင်းရင်းသားပြည်သူတွေ တစ်နေ့တခြား တိုးမြှင့်ရရှိခံစားကြရမှာ မလွဲမသွေဖြစ်ကြောင်း ပေါ်လွင် ထင်ရှားနေပါတယ်ခင်ဗျာ။ ။

* ကျောဖုံးမှ

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်က ကန်ကြီးထောင့်မြို့နယ်၏ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၀၅-၂၀၀၆ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ဆောင်းသီးနှံများနှင့် ဧရာတ်ကောင်း စိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုးကြက်ဆူပင် နှစ်အလိုက်စိုက်ပျိုးမည့် အစီအစဉ်နှင့် ၂၀၀၅-၂၀၀၆ခုနှစ်အတွက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် မျိုးရရှိမှုနှင့် ပျိုးထောင်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နွေစပါးကို စိုက်ပျိုးရာသီအမီ စိုက်ပျိုးရေး၊ စက်သုံးဆီအစားထိုးအသုံးပြုနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး ရှင်းလင်းမှာကြားသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများဘဝ တိုးတက်စေရန် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများအတွက် အကျိုးရှိစေရန် အခြေခံစီးပွားရေးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းလမ်းများရှာဖွေကာ ညွှန်ပြ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ကျေးလက်နေ ပြည်သူများကလည်း ပူးပေါင်းပါဝင်ပြီး အားကြိုးမာန်တက် ဆောင်ရွက်ကြရန် လိုကြောင်း၊ မြို့နယ်အတွက် သတ်မှတ်ပေးထားသည့် နွေ စပါးစိုက်ဧကကို ပြည့်မီအောင် အချိန်မီ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးကြရန် နိုင်ငံတော်က လမ်းညွှန်ချက်ချမှတ်ပေးထားပြီး ဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီကို လယ်ထွန်စက်၊ ရေတင်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်တို့တွင် စက်မောင်းဆီအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ကြောင်း၊ ကြက်ဆူစေ့ ကြိတ်ဖတ်များကိုလည်း မြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကုန်ကျစရိတ်သက်သာစွာဖြင့်စိုက်ပျိုးနိုင်ပြီး အပင် ၁၂၀၀လျှင် တစ်ဧကနှုန်းဖြင့် စိုက်ပျိုးပါက ဒီဇယ်ဆီ ၇၃ ဂါလန်မှ ဂါလန် ၁၀၀အထိ ရရှိနိုင်ပြီး သဘာဝမြေဩဇာ တစ်တန်ခန့်ကိုလည်း ရရှိနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်ကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် သတ်မှတ်ပေးထားသည့် စီမံချက်များနှင့်အညီ စိုက်ပျိုးလုပ်ကိုင်ကြရန်နှင့် တာဝန်ရှိသူများကလည်း နည်းပညာများပေးကာ ကူညီပံ့ပိုးကြရန် အလေးအနက် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စိုက်ခင်းအတွင်း စိုက်ပျိုးထားသည့် မျိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်၊ ဘောင်ပျိုးစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ဆင်းသွယ်လက်ပျိုးပွားခင်း၊ SR-502 နွေစပါးပျိုးထောင်စိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းနှင့် ကြက်ဆူပင် အပင်ပေါက်၊ ကြက်ဆူသီးအစေ့၊ ကြက်ဆူစေ့ ကြိတ်ဖတ်နှင့် ကြက်ဆူပင်မျိုးကိုင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကန်ကြီးထောင့်မြို့နယ် အနေဖြင့် မိုးစပါးစိုက်ပျိုးရန် ၁၄၂၈၅၇ ဧက သတ်မှတ်လျာထားခဲ့ရာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး လျာထားဧက ၁၁၄၂၀၀ အနက် ဧက ခုနစ်သောင်းကျော် စိုက်ပျိုးနိုင်ပြီး ရာသီမကုန်မီ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သုံးနှစ်အတွင်း လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသည့် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းရှိ ပမ္မဝတီမြစ်ကူး တံတား(မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်းသို့ မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပမ္မဝတီမြစ်ကူး တံတား(မြင်းကဆိပ်)ပေါ်မှ ဖြတ်သန်း၍ လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တံတားအား သတ်မှတ် ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) သည် အရှည်ပေ ၁၂၆၀ ရှိ ဘေလီသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်သည်။ ယခုအခါ ပုသိမ်မှ မြောင်းမြသို့ ပုသိမ်-ဒါးက၊ အိမ်မဲ-မြောင်းမြ ကားလမ်းအတိုင်း သွားရောက်လျက်ရှိရာ ခရီးမိုင် ၆၅ မိုင်ရှိပြီး ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) ပြီးစီးသွား၍ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ ဖြတ်လမ်းဖြင့် သွားပါက ခရီးမိုင် ၃၂မိုင်သာရှိမည်ဖြစ်ပြီး ခရီးမိုင် ၃၃ မိုင် တိုတောင်းသက်သာကာ ပုသိမ်မှ မြောင်းမြသို့ လျင်မြန်ချောမွေ့စွာသွားလာနိုင်မည်ဖြစ်သည်။

## ၈၀ ရာခိုင်နှုန်းခန့်ပြီးစီး

ယခုအခါ ပမ္မဝတီ မြစ်ကူးတံတား(မြင်းကဆိပ်)မှာ တံတားတည်ဆောက်မှုလုပ်ငန်း အားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိပြီး တံတားပေါ်ရှိ လူသွားလမ်း လက်ရန်း၊ ဘေးကာနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများသာ ဆောင်ရွက်ရန်ကျန်ရှိတော့ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မြောင်းမြဘက်ကမ်းမှ ပုသိမ်ဘက်ကမ်းသို့ဇက်ရေယာဉ်ဖြင့်ကူး၍ ဇက်ရေယာဉ်ပေါ်မှ တံတားပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ၁နာရီတွင် ပုသိမ်မြို့ ပုသိမ်-ရန်ကုန်လမ်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံပိုးမွှားကာကွယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်စခန်း၌စိုက်ပျိုးထားသည့် ဧရာတ်ကောင်းပင် ပျိုးထောင်စိုက်ပျိုးထားမှု၊ ခြံစည်းရိုးကြက်ဆူမျိုးခင်း၌ ကိုင်းပျိုးပင် ၇၁၄၁ ပျိုးထောင်ထားမှု၊ အစေ့ပျိုးပင်၃၁၂၀ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

## စံပြစိုက်ကွက်ထူထောင်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်းနှင့် အပင်ပေါက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးရန် မြေနေရာရှိသည့် ခရိုင်များတွင် ခြံစည်းရိုးကြက်ဆူပင် တစ်ဆက်တစ်စပ်တည်း ဧက၁၀၀ စံပြစိုက်ကွက်များထူထောင်ရန်နှင့် ဒေသခံများအား ခေါ်ယူပြသ၍ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း၏ မြေအသုံးချမှု၊ မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်သီးနှံ၊ အမယ်သစ်(အမည်သစ်) သီးနှံများ စိုက်ပျိုးနိုင်မှု၊ ခြံစည်းရိုးကြက်ဆူပင် သုံးနှစ်အတွင်းဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဧရာဝတီတိုင်းအတွင်း လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

## တိုးတက်ထုတ်လုပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီဖြစ်ပြီး သားငါးထုတ်လုပ်မှုတွင်လည်း အားထားရသည့် တိုင်းတစ်တိုင်းဖြစ်ရာ လယ်ယာ သားငါး ထွက်ကုန်များကို နှစ်စဉ် တိုးတက်အောင်ထုတ်လုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၃၆သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်နှစ်တွင် ဧက တစ်သိန်းထပ်တိုး၍ ဧက ၃၇သိန်း စိုက်ပျိုးနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး အားလုံး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်ပင် သုံးမျိုး၊ အမယ်သစ်(အမည်သစ်) သုံးမျိုးကို တိုးတက်စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် ကျေးလက်နေ ပြည်သူများသာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧကငါးသိန်း ပြည့်မီအောင်စိုက်ပျိုးရေးအတွက် ဝီရိယစိုက်ထုတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

## ပညာပေးစည်းရုံး

ကျေးရွာများတွင် လည်းကောင်း၊ ဥယျာဉ်ခြံမြေများတွင် လည်းကောင်း ခြံစည်းရိုးအဖြစ်စိုက်ပျိုးရန်နှင့် မြေအလုံအလောက်ရှိသည့်နေရာများတွင် စိုက်ခင်းကြီးများ ထူထောင်၍ သိပ္ပံနည်းကျ စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးနည်းပညာများကို ပညာပေးစည်းရုံးမှုများ၊ ပံ့ပိုးမှုများကိုတာဝန်ရှိသူများက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရေး ဧက ၃၆ သိန်းလျာထားသတ်မှတ်ခဲ့ရာ ၃၆၀၀၃၅၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်အတွက် နွေစပါးဧက ၁၆၈၇၁၄၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ စိုက်ပျိုးရာသီအမီလျာထားချက် အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူပင်ကိုသုံးနှစ်အတွင်း ဧက ငါးသိန်း ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် လည်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ်မြေခံတပ်ရင်းရှိခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ ၁၂၀၀၀ ပျိုးထောင်ထားမှု၊ ကိုင်း ၁၀၀၀၀ ပျိုးထောင်ထားမှုနှင့် ကိုင်းစိုက်ခင်းနှစ်ဧက စိုက်ပျိုးထားမှုနှင့် ကိုင်းပျိုးထောင်ရန် မျိုးအိတ်အတွင်း မြေထည့်သွင်း ပျိုးထောင်မှုများကို လှည့်လည်ကြည့်ရှုအားပေးရာ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စိုးထက်က လိုက်လံရှင်းလင်းပြသသည်။

## ပျိုးထောင်စိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့သည် ခြံစည်းရိုးကြက်ဆူပင် အသီးစိမ်း၊ အသီးမှည့်၊ မျိုးစေ့နှင့် ပျိုးကိုင်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ပျိုးအိတ်များအတွင်း ခြံစည်းရိုး ကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းတို့ကို ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌော မဟာစေတီမြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဖူးမြော်ကြည်ညို

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဦးမောင်ကြီးတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ အလင်းတိုင်များ ကပ်လှူပူဇော်ပြီးဖူးမြော်ကြည်ညိုသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုပြီး ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## သိမ်ကျောင်းနှင့် ဂန္ဓကုဋိတိုက် ပြုပြင်မွမ်းမံမှုလှူဒါန်းနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်း (အနောက်) ပြည်မြို့နယ် ရွှေတံခါးရပ်ကွက်ရှိ သိမ်တော်မင်္ဂလာကျောင်းတိုက်၌ သိမ်ကျောင်းနှင့် ဂန္ဓကုဋိတိုက်ပြုပြင် မွမ်းမံရန် အလှူရှင် ပြည်မြို့ကျောင်းကြီး အိုးတန်းရပ်ကွက် တရုတ်တန်းလမ်းနေ ဦးသန်းစိန်-ဒေါ်ဌေးဌေးရီမိသားစုတို့က အလှူငွေကျပ် ၉၀၀၀၀နှင့် ခေတ္တရာမြို့သစ်နေ အလှူရှင် ဦးတင်ဦး-ဒေါ်ခင်မာကြူ မိသားစုက အလှူငွေကျပ် ၄၅၀၀၀တို့ကို ဇန်နဝါရီ ၉ရက်တွင် ပေးအပ်လှူဒါန်းသည်။ အလှူရှင်များအနေဖြင့် ကုသိုလ်ပါဝင်နိုင်ရေးအတွက် ကျောင်းထိုင်ဆရာတော်(ဦးတေဇိန္ဒ) ပြည်မြို့နယ် ရွှေတံခါးရပ်ကွက် သိမ်တော်မင်္ဂလာကျောင်းနှင့် ဦးမောင်မောင် (တပ်ခွဲမှူး) အရန်မီးသတ်တပ်စု (၂၃) ဖုန်း-၀၅၃-၂၅၁၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၄-၁-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၆။ | အကပြိုင်ပွဲ |
| ၈း၁၀ | ၇။ | ဆင်ဖြူရှင်တံတား |
| ၈း၂၀ | ၈။ | အရေးပြိုင်ပွဲ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Grammar made Easy |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၃၅ | ၆။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ Doraemon (အပိုင်း-၁) |
| ၁၃း၀၀ | ၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"နေခြည်နွေးနွေး"** (အပိုင်း-၂၂) |
| ၁၃း၄၀ | ၈။ | ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ |
| ၁၃း၅၀ | ၉။ | အဆိုပြိုင်ပွဲ |
| ၁၄း၀၀ | ၁၀။ | ပသာဒအလှနှင့် ရေကူးအက |
| ၁၄း၁၀ | ၁၁။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၄း၂၀ | ၁၂။ | ဝတီ ဖျားမုနန္ဒာကန် |
| ၁၄း၃၀ | ၁၃။ | **"အလျော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း) |
| ၁၄း၄၅ | ၁၄။ | International News |
| ၁၅း၀၀ | ၁၅။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ) |
| ၁၆း၄၅ | ၄။ | အကပြိုင်ပွဲ |
| ၁၆း၅၀ | ၅။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇း၀၀ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇း၁၅ | ၇။ | တေးဂီတအစီအစဉ် |
| ၁၇း၃၀ | ၈။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၈း၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း-၁) |
| ၁၉း၃၅ | ၁၂။ | မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ |
| ၁၉း၄၅ | ၁၃။ | အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ(အပိုင်း-၅) |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **"ရောရွှေနဒီ သက်သေတည်၍" ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-စင်ရော်မောင်မောင်)** |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၁၃) |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |

***ကျောဖုံးမှ***

ဒန့်သလွန် အစရှိသည့် ဟင်းသီးဟင်းရွက်စိုက်ခင်း ငါးဧက စိုက်ပျိုးဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ အကွက် အမှတ် ၂၆၄–၂၆၅၌ ဘူး၊ ငရုတ်၊ ပြောင်းနှင့် ကြက်သွန်၁၀ ဧက စိုက်ပျိုးဖြစ်ထွန်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဇုန်(၃) အကွက်အမှတ်၁၈၃ရှိ ခြံစည်းရိုး ကြက်ဆူပျိုးခင်း၌ ခြံစည်းရိုး ကြက်ဆူအစေ့ပျိုးပင်ပေါင်း ၁၀၀၀၀နှင့် ကိုင်းဖြတ်ပျိုးပင်ပေါင်း ၇၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုကြကာ ခြံစည်းရိုး ကြက်ဆူစေ့နှင့် ကြက်ဆူကိုင်းများကို ပျိုးအိတ်များအတွင်းသို့ ထည့်သွင်းပျိုးထောင်ပေးကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် ဇုန်(၃) ရှင်းလင်းဆောင်၌ ဇုန်တာဝန်ခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ လုပ်ငန်းရှင်များက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပံ့ပိုးဆောင်ရွက်ပေးမှုနှင့် လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သည် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်က လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လုပ်ငန်းရှင်များကလည်း မိမိတို့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ဇုန်အတွင်း စိုက်ပျိုးရန် သတ်မှတ်ထားသည့် ဟင်းသီးဟင်းရွက် ၂၆မျိုးသာမက လုပ်ငန်းရှင်များအတွက် များစွာအကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်၏စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း စိုက်ပျိုးကြစေလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များသည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိသည့် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ကြောင်း၊ ကြက်ဆူပင် စိုက်ပျိုးရန်အတွက် လိုအပ်သည့် မျိုးစေ့၊ ပျိုးပင်၊ စိုက်ပျိုးရမည့် နည်းပညာများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ကူညီပံ့ပိုးပေးသွားမှာဖြစ်ကြောင်း၊ ကြက်ဆူပင်ကို မိမိတို့၏ စိုက်ပျိုးမြေ၏ ခြံစည်းရိုးများနှင့် မြေလွတ်မြေလပ်များ၌ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများအတွက် လိုအပ်သည့် စက်မောင်းဆီကို ရရှိစေနိုင်မှာဖြစ်ကြောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန် တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်ပျက်စေရန် ဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းကြစေလိုကြောင်းဖြင့် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဇုန်(၂)၌ ကျင်းပသည့် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်၊ ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော်နှင့် ပျိုးပင်စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် လူမှုရေး အသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့နှင့် ကြက်ဆူကိုင်းများကို ဝေငှပေးကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ကြက်ဆူပင်များကို ပါဝင်စိုက်ပျိုးပေးကြပြီး ကွင်းအတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံ ပြည်သူများ၏ ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၂၀၀၀၀နှင့် ကြက်ဆူကိုင်း ၃၀၀၀၀ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃)၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃) ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၏ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၀၆)ကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃) တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ လုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃) တာဝန်ခံ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)** ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃)တွဲဖက် အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေက လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း တာဝန်ပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့အမှတ်(၃)အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလက်ျာအောင်က အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃)၏ လုပ်ငန်းတာဝန်များနှင့် ပြည်နယ်နှင့်တိုင်း လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်နှင့်တိုင်း လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာ အကြီးအကဲများက အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထူးလုပ်ငန်းအဖွဲ့ အမှတ်(၃)တာဝန်ခံ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# ထားဝယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ထားဝယ်အသင်း၏ (၇၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်(Ph.D)ပါရဂူဘွဲ့ရ ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူရတနာပါဠိတက္ကသိုလ် (ထားဝယ်ဘုန်းတော်ကြီးကျောင်း) အလုံလမ်း အလုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ အသင်းဖုန်း–၂၂၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## အချပ်ပိုလေးမျက်နှာဖော်ပြပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။** (မြန်မာ့အလင်း)

***စာမျက်နှာ ၇ မှ***

ကဏ္ဍကို အခြေခံပြီး အခြားကဏ္ဍများကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် ယခင်က စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း၊ တာတမံ ၁၃၈ခု ရှိခဲ့ရာမှ ယခုဆိုလျှင် ၃၁၈ခုထိ တည်ဆောက်နိုင်ခဲ့သည့်အတွက် ဆည်မြောင်း၊ တာတမံ ၁၈၀ အထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲ ဆည်၊ တာတမံ၂၃ခုရှိပြီး ကျေးလက်ဆည်ပေါင်း၁၂၄၀ တိုးတက်တည်ဆောက်ခဲ့ပါကြောင်း၊ မြစ်ရေတင်စီမံကိန်း ၂၉၃ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်း ၃၄ ခုလည်း ရှိပါကြောင်း၊ ဤကဲ့သို့ စိုက်ပျိုးရေရရှိရေး အစီအမံများကြောင့် စုစုပေါင်းလယ်ယာအကျိုးပြုဧက ၂ဒသမ ၈သန်း တိုးတက်လာခဲ့သည့်အပြင် ယခင် တစ်သီးစားသာ စိုက်ပျိုးခဲ့ရာက ယခုဆိုလျှင် နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်ခဲ့ကြကြောင်း။

စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်အသုံးပြုခြင်း၊ စိုက်ပျိုးရေးနည်းပညာပိုင်း မြင့်မားလာခြင်းတို့ကြောင့် သီးနှံစိုက်ဧကနှင့် အထွက်နှုန်းများ သိသိသာသာ တိုးတက်လာခဲ့သည်ကို မိမိတို့ တောင်သူအားလုံး ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း။

## မိုးစပါး၊ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်

မိမိတို့စစ်ကိုင်းတိုင်းအတွင်းတွင် ယခင် ၁၉၈၈ခုနှစ်က စိုက်ပျိုးမြေဧက ၂၇သိန်းကျော်ရှိခဲ့ရာမှ ယခုဆိုလျှင် စိုက်ပျိုးမြေဧက၄၁သိန်းကျော် ရှိနေပြီဖြစ်သည့်အတွက် ဧက၁၃သိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ မိုးစပါးစိုက်ပျိုးမှုအနေနှင့် ယခင်က မိုးစပါးစိုက်ဧက ၁၂သိန်းကျော် ရရှိခဲ့ရာမှ ယခုဆိုလျှင် မိုးစပါးစိုက်ဧက ၁၆သိန်းကျော်ရှိပြီး စစ်ကိုင်းတိုင်း၏ ဆန်ဖူလုံမှုသည် ၁၉၉၅ခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်ကျခံ တည်ဆောက်ပေးခဲ့သည့် ရေလှောင်တမံများနှင့် မြစ်ရေတင် စီမံကိန်းများကြောင့် မိုးစပါး၊ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိမိတို့စစ်ကိုင်းတိုင်းတွင် စပါးတင်းသိန်း ၅၀၀ ကျော် ပိုလျှံပြီး အထက်မြန်မာပြည်၏ စပါးကျီဖြစ်နေပါကြောင်း၊ ယခင်က ပဲစိုက်ဧက တစ်သိန်းကျော်ရှိခဲ့ရာမှ ယခုဧကငါးသိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်က ဝါစိုက်ဧက ကိုးသောင်း ရှစ်ထောင်ခန့်ရှိခဲ့ရာမှ ယခုဆိုလျှင် ဧကတစ်သိန်းကျော် ရှိနေပြီဖြစ်ကြောင်း။

၁၉၉၈ ခုနှစ် မတိုင်မီက ဆည်ကန် ၁၂၇ ခုရှိပြီး အကျိုးပြုဧက လေးသိန်းကျော်ကို ရေပေးနိုင်ခဲ့ရာမှ ယနေ့ဆိုလျှင် ဆည်၊ ကန်နှင့် မြစ်ရေတင်လုပ်ငန်း ၁၄၁၆ ခုရှိပြီး အကျိုးပြုဧက၁၁သိန်းကျော်ခန့် ရှိလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ ခုနှစ် တစ်ဦးချင်းဝင်ငွေသည် ကျပ်လေးသောင်းကျော်သာရှိခဲ့ရာက ၂၀၀၅ခုနှစ်တွင် ကျပ်နှစ်သိန်းနီးပါးအထိ တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယနေ့ကာလသည် ရေနံဓာတုလွန်ခေတ်ကို ရောက်တော့မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရေနံပမာဏသည်လည်း နောင်နှစ်ပေါင်း၄၀ခန့်သာ အသုံးပြုနိုင်တော့မည်ဖြစ်၍ စက်သုံးဆီသုံးစွဲမှုများကို နည်းလမ်းမျိုးစုံနှင့် လျှော့ချလာကြသည်ကို တွေ့ရပါကြောင်း။

## ခြံစည်းရိုးကြက်ဆူပင်

**ယခုဆိုလျှင် မိမိတို့တောင်သူလယ်သမားများ အသုံးပြုသည့် လယ်ယာသုံး လက်တွန်းထွန်စက်နှင့် ရေစုပ်စက်၊ ခြွေလှေ့စက်စသည့် လယ်ယာသုံးစက်များအတွက် ဒီဇယ်ဆီအစားထိုး ခြံစည်းရိုးကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ တောင်သူလယ်သမားများအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်ပြီး စိုက်ပျိုးစရိတ် သက်သာသည့်အပြင် ကာဗွန်ထုတ်လုပ်မှုနည်းသည် ခြံစည်းရိုးကြက်ဆူပင်များကို နေရာအနှံ့အပြားတွင် စတင်စိုက်ပျိုးနေကြပြီဖြစ်ပါကြောင်း။**

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကြောင့် မိမိတို့နိုင်ငံတွင် လူတိုင်း ဝမ်းဝဝစားနိုင်ရုံမက ဆန်စပါး၊ သား၊ ငါး၊ ပဲမျိုးစုံတို့မှာ ပိုလျှံနေသည့်အတွက် ပြည်ပနိုင်ငံများကိုပင် တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာအောင် မည်သူ့ထံမှ အကူအညီ ရယူဆောင်ရွက်ခဲ့ခြင်း မဟုတ်သကဲ့သို့ မည်သည့်နိုင်ငံ၏ ပယောဂနှင့်မှ မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်မခံနိုင်ပါကြောင်း၊ နိုင်ငံအတွက် စပါးတစ်ပင် မစိုက်၊ မြက်တစ်ပင် မနုတ်ဖူးသူများက သူတို့သာ နိုင်ငံကိုအချစ်ဆုံးလို့ ပြောနေကြသည်များကိုလည်း မယုံကြတော့ပါကြောင်း၊ ကိုယ်လုပ်မှ ကိုယ်စားရသည် ဆိုသကဲ့သို့ မိမိတို့အားလုံး ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံ ကိုယ်ထူထောင်နိုင်မှ မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီပန်းတိုင်ကို ရောက်နိုင်မည်ဖြစ်ပါကြောင်း။

## အထူးလိုလားနှစ်ခြိုက်

နိုင်ငံတော်အနေဖြင့် ကိုလိုနီဘဝ ကျရောက်ခဲ့ခြင်းနှင့် သွေးခွဲအုပ်ချုပ်ခံရခြင်းကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ နိမ့်ကျခဲ့ရသည့် အတိတ်သင်ခန်းစာကိုရယူပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်နေသည်ကို မိမိတို့ ပြည်သူအားလုံးက အထူးကို လိုလားနှစ်ခြိုက် သဘောကျကြပါကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များကို လေ့လာကြည့်ရာတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကာကွယ်ပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာကို ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဦးတည်ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် မိမိတို့ ပြည်သူအားလုံးက တစ်ခဲနက် ကြိုဆိုထောက်ခံသွားကြရမှာဖြစ်ပါကြောင်း။

## အလွန်အရေးကြီး

အချုပ်အခြာအာဏာသည် မိမိတို့ ပြည်သူအားလုံး၏ အသက်ဝိညာဉ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အချုပ်အခြာအာဏာကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အခြေခံခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်လည်း အလွန်ကို အရေးကြီးလှပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ ညှိနှိုင်းရေးဆွဲနေသည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့ ပြည်သူတစ်ရပ်လုံး ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အရင်းခံပြီး စည်းစည်းလုံးလုံး အင်တိုက်အားတိုက် ပါဝင်ကြရမည်ဖြစ်ပါ၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးကြီးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

## ကြွေးကြော်သံများကြွေးကြော်

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၉ နာရီ မိနစ် ၂၀တွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

# ဇီဝကြက်ဆူဆီထုတ်လုပ်ပုံအဆင့်ဆင့် အလုပ်ရုံဆွေးနွေး ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဧကငါးသိန်း စိုက်ပျိုးသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တတိယအကြိမ် ဇီဝကြက်ဆူဆီထုတ်လုပ်ပုံအဆင့်အဆင့် ပညာပေးအလုပ်ရုံဆွေးနွေးပွဲနှင့် ကြက်ဆူပင် ဧကငါးသိန်း သုံးနှစ်စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၈နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ပညာပေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**အစီအမံများတင်ပြ**

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက စိုက်နည်းစနစ်၊ အသုံးဝင်ပုံနှင့် အကျိုးအမြတ်ရရှိမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်ငါးခရိုင်မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားမှု အစီအမံများ တင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ခရိုင်ဥက္ကဋ္ဌများသို့ စီမံချက်အလိုက် တာဝန်ပေးအပ်လွှာများပေးအပ်ပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ကြက်ဆူကြိတ်ခွဲ ကိရိယာပေးအပ်ကာ ကြိတ်ခွဲကိရိယာများဖြင့် ကြိတ်ခွဲနေမှုနှင့် တိုင်းစစ်ဌာနချုပ်ရှိ စိုက်ခင်းများတွင်ပျိုးထောင်မှု၊ စိုက်ပျိုးမှု၊ ဇီဝကြက်ဆူဆီဖြင့် လယ်ယာ ၁၆ လက်တွန်းထွန်စက် မောင်းနှင်ပြသမှုများကို လက်တွေ့ကွင်းဆင်း လေ့လာကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)** **(သတင်းစဉ်)**

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အဖွဲ့ ခြစ်စည်းရိုးကြက်ဆူပင်မျိုးကိုင်းများ ဖြန့်ဝေပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

# ခြစ်စည်းရိုးကြက်ဆူပင်တစ်အုပ်တစ်မစိုက်ပျိုးပွဲ ပန်းတောင်းမြို့နယ်၌ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ ခြစ်စည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ပျိုးပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီက ပန်းတောင်းမြို့နယ် ညောင်ကိုင်းဆည်အနီး၌ကျင်းပရာ စိုက်ပျိုးပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ကြသည်။

**စိုက်ပျိုး**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ပန်းတောင်းမြို့နယ်၌ ခြစ်စည်းရိုးကြက်ဆူပင်ဧက သုံးသောင်းတစ်ထောင်စိုက်ပျိုးသွားမည့်အစီအစဉ် မျိုးစေ့နှင့် ပျိုးပင်၊ မျိုးကိုင်းများ စုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းခွဲဥက္ကဋ္ဌက ခြစ်စည်းရိုးကြက်ဆူစိုက်ပျိုးခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများ၊ စိုက်ပျိုးပြီးသော အပင်များ ရှင်သန်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးပြောကြားပြီး ကြက်ဆူပင်ငါးဧကကို တက်ရောက်လာသူများနှင့်အတူ စိုက်ပျိုးကြသည်။

**ပျိုးထောင်**

ပန်းတောင်းမြို့နယ် အနေဖြင့် ၂၀၀၆ ခုနှစ် ကြက်ဆူပင်ဧက ၅၀၀၀ စိုက်ပျိုးသွားနိုင်ရေးအတွက် ယနေ့အထိ ပျိုးဥယျာဉ်ငါးခု၌ ပျိုးပင်တစ်သိန်း နှစ်သောင်းကို ပျိုးထောင်ထားပြီးဆက်လက်၍လည်း ပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

(၉၄)ကြိမ်မြောက် ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဗုဒ္ဓပူဇာအဖြစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၁ ရက်အထိ ကျောက်တံတား၊ ပန်းဘဲတန်း၊လသာ၊လမ်းမတော်၊လေးမြို့နယ်တို့မှ ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဓမ္မပူဇာအဖြစ် ဇန်နဝါရီ ၁၃ ရက်မှ ၂၁ရက် အထိ အဘိဓမ္မာခုနစ်ကျမ်းကို မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရနှင့် သံဃာတော် ၃၁ပါးတို့က ကိုးရက်တိုင်တိုင် အသံမစဲ ရွတ်ဆိုပူဇော်ခြင်း၊ သံဃာ့ပူဇာအဖြစ် ဇန်နဝါရီ ၂၂ ရက် ညနေ ၃နာရီတွင် ဩဝါဒဆရာတော်ကြီးများနှင့် ရန်ကုန်တိုင်းရှိ ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်အပါး ၁၈၀နှင့်သီလရှင်အပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များအား ဆူးလေစေတီတော် ဂေါပကအဖွဲ့မှ တိုက်တွန်းနှိုးဆော်ထားကြောင်းသိရသည်။

**(က-ပ)**

# ဒို့ကျေးရွာဂျာနယ်ထွက်ပြီ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြာသိုလ၏ ချမ်းအေးမှုနှင့်အတူ တောင်သူဦးကြီးများ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ကောင်းကျိုးကောင်းမှုများ ရရှိဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကောင်းကျိုးတစ်စုံတစ်ရာ ပေးစွမ်းနိုင်မည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ကို ဇန်နဝါရီ၁၅ ရက်တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။

ယင်းဂျာနယ်တွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ကန်ထရိုက် စိုက်ပျိုးရေးစနစ်၊ အရသာထူးလွန်းလှသည့် နေကြာဆီ၊ ကြက်ကူးစက်ရောဂါ ကာကွယ်နည်း၊ ခေတ်နှင့်အညီ တိုးတက်စေဖို့၊ နန်းထိုက်တော်ဝင် ပန်းသဇင်၊ ကုံရာသီထမနဲပွဲ၊ ဝက်မွေးမြူရေးအတွက် တန်ဖိုးနည်းအစာများ၊ ခရီးသွားတစ်ယောက်၏ ရွာလွမ်းဝေဒနာ၊ ဝင်ငွေအပိုရစေလိုမှိုကိုစိုက်ပျိုးပါ၊ လင်းတငှက်၏ ထူးခြားချက်၊ ၂၀၀၄ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆု စသည့် သုတဆောင်းပါးများကို အားဖြည့်၍ ဝတ္ထု၊ ပုံပြင်၊ဟာသ၊ကာတွန်း၊ကဗျာနှင့် သတင်းကဏ္ဍများကိုဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ဝါမိုးအောင် စာပေနှင့်မန္တလေးမြို့ရှိ ထွန်းဦးစာပေတို့၌ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် (၃၀-၃၂)၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခြစ်စည်းရိုးကြက်ဆူပင်ဧက ၂၀၀၀စိုက်ပျိုးရေး ပေါင်းတည်မြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် ခြစ်စည်းရိုးကြက်ဆူပင်မှ ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာဆီထုတ်လုပ်ရရှိနိုင်ရေးအတွက် ကြက်ဆူပင်ဧက ၁၂၀၀၀ စိုက်ပျိုးနိုင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉နာရီက ပေါင်းတည်မြို့ မြသီရိရုပ်ရှင်ရုံခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှကြိုင်က လုပ်ငန်းစီမံချက် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး ဝါလုပ်ငန်းမန်နေဂျာ ဦးသောင်းထိန်က ကြက်ဆူပင်စိုက်ပျိုးရေးနည်းစနစ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က စိုက်စခန်းနယ်မြေခြောက်ခုမှ စခန်းတာဝန်ခံတစ်ဦးချင်းစီအား တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ ပေါင်းတည်မြို့နယ်အနေဖြင့် ဧက ၁၂၀၀၀ ကို ၂၀၀၆ ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ သုံးနှစ်စီမံကိန်းလျာထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။ **(၄၀၃)**

# ကြက်ဆူစေ့မှကြက်ဆူဆီထုတ်လုပ်မှုလက်တွေ့ပြသ ဟိုပုံးတွင်ကြက်ဆူဆီဧက ၆၀၀ စိုက်ပျိုးပြီး

**ရန်ကုန် ဇန်နဝါရီ ၁၃**

တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် မြို့တော်ခန်းမတွင် ဇန်နဝါရီ ၆ ရက်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာနပူးပေါင်းပြီး ခြစ်စည်းရိုးကြက်ဆူစိုက်ပျိုးခြင်း၊ ကြက်ဆူစေ့မှကြက်ဆူဆီထုတ်လုပ်ပြီး စက်မောင်းနှင်ပြသခြင်းသရုပ်ပြပွဲ အခမ်းအနားကျင်းပသည်။

သရုပ်ပြပွဲသို့ တောင်ကြီးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးထွန်းအောင်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမြသိန်း၊ ခရိုင်စက်မှုလယ်ယာ ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်၊ ဟိုပုံးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးအောင်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ မြို့ပေါ်ခြောက်ရပ်ကွက်နှင့် မြို့မအုပ်စု၊ လုံခုပ်အုပ်စု၊ လွယ်အွန့်အုပ်စု၊ ပေါင်းလင်းအုပ်စု၊ နမ့်ခုတ်အုပ်စုတို့မှ တိုင်းရင်းသားပြည်သူ ၂၅၀၀ ခန့် တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးတိုးအောင်က ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းကို မြန်မာဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင် **(ဝဲပုံ)** က ခြစ်စည်းရိုးကြက်ဆူစေ့မှကြက်ဆူဆီထုတ်လုပ်မှုကို လက်တွေ့ပြသသည်။ ထုတ်လုပ်ရရှိသော ခြစ်စည်းရိုးကြက်ဆူဆီဖြင့် ထော်လာဂျီ၊ လက်တွန်းထွန်စက်များသို့တိုက်ရိုက်ထည့်၍ မောင်းနှင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများအား ခြစ်စည်းရိုးကြက်ဆူစိုက်ပျိုးနည်းနှင့် ခြစ်စည်းရိုးကြက်ဆူဆီထုတ်လုပ်သုံးစွဲနည်း လက်ကမ်းစာစောင်များ ဝေငှပေးသည်။ ဟိုပုံးမြို့နယ်၌ ခြစ်စည်းရိုးကြက်ဆူဧက၆၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ကြက်ဆူပင်ငါးသောင်းကျော် တာချီလိတ်၌စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၁၃

**တာချီလိတ်မြို့နယ် ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်သည် စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၉ ရက်က ခရိုင် မြေစာရင်းဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့က မိုင်းဖုန်း (က) ကျေးရွာအုပ်စု ပုန်းထွန်ရပ်ကွက်တွင် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။ တာချီလိတ်မြို့နယ်အတွင်း ခြစ်စည်းရိုး ကြက်ဆူပင် ငါးသောင်းကျော် စိုက်ပျိုးပြီးကြောင်းသိရသည်။** (၄၂၀)

# စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်းမြို့ ပရိယတ္တိစာသင်တိုက်များအတွက် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၃

**ဧရာဝတီတိုင်း ညောင်တုန်းမြို့ပေါ်ရှိပရိယတ္တိစာသင်တိုက်များ၌ သီတင်းသုံးတော်မူကြသော ဝါဆို သံဃာတော်အပါး ၇၁၀တို့အား ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန် ထာဝရဆွမ်းပဒေသာပင်အဖြစ် ငွေကျပ်သိန်း ၃၀၀ကို အလှူရှင်များက ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေး ကျောင်းတိုက်၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

## ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသိဝံသထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အလှူရှင်များက လှူဒါန်းငွေများကို ဆက်ကပ်လှူဒါန်းကြရာ ကျောင်းအကျိုးတော်ဆောင် ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထာဝရဆွမ်းပဒေသာပင် အလှူရှင်များမှာ အေးရှားဝေါလ်ကုမ္ပဏီက ငွေကျပ် ၁၅၆သိန်း၊ Green Asiaကုမ္ပဏီက ငွေကျပ်၄၂သိန်း၊ Asia World Industriesကုမ္ပဏီက ငွေ ကျပ်၃၄သိန်း၊ Golden Aaronက ငွေကျပ်၂၇သိန်း၊ Asia Light ကုမ္ပဏီက ငွေကျပ်၂၂သိန်းနှင့် ရတနာတောင်တန်း ကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၉သိန်းတို့ ဖြစ်ကြသည်။

## ထာဝရဆွမ်းပဒေသာပင်

ဧရာဝတီတိုင်း ညောင်တုန်းမြို့အနီးရှိ ညောင်တုန်း ရေနံမြေသဘာဝဓာတ်ငွေ့မြေမှ နိုင်ငံတော်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ အဓိကထုတ်လုပ်ပေးလျက်ရှိရာ နိုင်ငံတော်အကျိုး၊ သာသနာအကျိုး၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ ကိုမျှော်ကိုး၍ စွမ်းအင်ဝန်ကြီးဌာနက ကမကထပြုလုပ်ပြီး အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ညောင်တုန်းမြို့ပေါ်ရှိ သံဃာတော်များအား ယခုကဲ့သို့ ထာဝရဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက် သယံဇာတကဏ္ဍ

## တပ်မတော်အစိုးရလက်ထက် သတ္တုတွင်းထွက် သယံဇာတများတိုးတက်ထွက်ရှိ

## သတ္တုတွင်း လုပ်ကွက်နှင့် စက်ရုံများ ပြည်နယ်နှင့်တိုင်းအလိုက် တိုးတက်ပေါ်ထွက်လာ

သတ္တုတွင်းထွက် ရတနာများသည် နိုင်ငံတော်၏ စီးပွားရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်နှင့် ဖက်စပ်လုပ်ငန်းများသည် နယ်မြေဒေသအသီးသီးတွင် သတ္တုနှင့် တွင်းထွက်သယံဇာတအမျိုးမျိုးကို စူးစမ်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းထွာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်းနှင့် သိုလှောင်ရောင်းချခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

### ရှာဖွေထုတ်လုပ်

ထိုသို့ဆောင်ရွက်ရာတွင်တွင်းထွက်သယံဇာတများကို ရေရှည်အကျိုးရှိစွာ ထုတ်လုပ် ရောင်းချနိုင်ရေးအတွက် သတ္တုတွင်းဆိုင်ရာ ဥပဒေများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။ သတ္တုတွင်းထွက် သယံဇာတများမှာ စစ်ကိုင်းတိုင်း၊မန္တလေးတိုင်းနှင့်နယ်စပ်ဒေသများတွင် ပိုမိုအထွက်များပေသည်။ ထို့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းသာမက နယ်စပ်ဒေသများ၌ တွင်းထွက်သယံဇာတများကို ရှာဖွေထုတ်လုပ်လျက်ရှိသည်။

### လုပ်ကွက်များပေါ်ထွက်

နယ်စပ်ဒေသရှိ ကျိုင်းတုံအရှေ့ဒေသ၊ ပလောင်ဒေသ၊ ကချင်အထူးဒေသ၊ 'ဝ'ဒေသနှင့် တနင်္သာရီဒေသတို့တွင် ကျောက်မီးသွေး၊ ထုံးကျောက်၊ ခဲ၊ သွပ်၊ နီကယ်၊ ခရိုမိုက်၊ ဂေါ်ဒန်၊ ရွှေဖြူနှင့် သံရိုင်းတို့ကို ရှာဖွေ ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင်ပြည်နယ်နှင့် တိုင်းဒေသအနှံ့တွင်လည်း တွင်းထွက် သတ္တုသယံဇာတများ ရှာဖွေထုတ်လုပ်လျက်ရှိရာ ဒေသအနှံ့တွင် သတ္တုလုပ်ကွက်များ ပေါ်ထွက်လာပြီး အဖိုးတန်တွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိလာသည်။

### ပြည်နယ်နှင့်တိုင်းအလိုက် သတ္တုတွင်းလုပ်ကွက်နှင့် စက်ရုံများ

| စဉ် | ပြည်နယ်နှင့်တိုင်း | ၁၉၈၈ | ၂၀၀၅ | တိုးတက်မှု |
|---|---|---|---|---|
| ၁ | ကချင် | ၃ | ၁၂၄၆ | ၁၂၄၃ |
| ၂ | ကယား | ၂ | ၁၂ | ၁၀ |
| ၃ | ကရင် | - | ၁၇ | ၁၇ |
| ၄ | မွန် | ၆ | ၃၁ | ၂၅ |
| ၅ | ရခိုင် | ၇ | ၈ | ၁ |
| ၆ | ရှမ်း | ၁၀ | ၃၄၄ | ၃၃၄ |
| ၇ | စစ်ကိုင်း | ၆ | ၆၂၇ | ၆၂၁ |
| ၈ | တနင်္သာရီ | ၁၉ | ၅၄ | ၃၅ |
| ၉ | ပဲခူး | ၁ | ၂၂ | ၂၁ |
| ၁၀ | မန္တလေး | ၁၆ | ၆၈၇ | ၆၇၁ |
| ၁၁ | ဧရာဝတီ | ၂ | ၅ | ၃ |

### တိုးတက်ဖြစ်ထွန်းလာ

တပ်မတော်အစိုးရ လက်ထက် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့တွင် သတ္တုတွင်းထွက် သယံဇာတများကို ရှာဖွေ ထုတ်လုပ်လျက်ရှိသော သတ္တုတွင်းလုပ်ကွက်နှင့်စက်ရုံများ တိုးတက်ဖြစ်ထွန်းလာမှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

**ဆမားကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းခွင်**

**ဖားကန့်မြို့ လုံးခင်းဒေသရှိ ဆမားကျောက်စိမ်း တူးဖော်ရေး လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၁-၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | မေးကြည့်ဖြေကြည့်ပဟေဠိ |
| ၇:၃၅ | တေးဂီတအစီအစဉ် |
| ၇:၄၀ | Business Talk |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်းဟောပြောချက် အပိုင်း(၄) (ပါမောက္ခဦးခင်မောင်ဝင်း) |
| ၈:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၅၀ | ဗွီစီဒီမိတ်ဆက်(ချစ်ကောင်း) အလှည့်-၄ |
| ၉:၁၀ | ရွှေကြက်ဆူဘိုင်အိုဒီဇယ် သရုပ်ဆောင်-ဧရာ၊ ၄က်ပျောကြော်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၉:၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၂၀ | ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတားဒေးဒရဲ |
| ၉:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅ | ရွှေထည်ပြုလုပ်ခြင်း အနုပညာ |
| ၉:၄၀ | တေးဂီတအစီအစဉ် |
| ၉:၄၅ | ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ဂီတသဘင် စင်တင်တင်ဆက်မှု (အကသွက်လက်ပလို့ချက်ယိမ်း) |
| ၉:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | လောက၌အကောင်းဆုံးအမွေ |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (အပိုင်း-၂) |
| ၁၀:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၅ | တေးဂီတအစီအစဉ် |
| ၁၁:၀၀ | ချပ်သင်းဘေးမဲ့တော ရွှေသမင်စာရင်းကောက်ယူခြင်းလုပ်ငန်း |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | သံချည်သံကွေးအတတ်ပညာ (အပိုင်း-၁) |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | စောင့်ရှောက်ခြင်းသည် ဒို့တာဝန်၊ စောင့်ရှောက်ခြင်းသည် မျှဝေမှု |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၅:၄၀ | ပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်) | 5-Sports |
| ၆:၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၇:၁၀ | Man City - Man United | 5-Sports(Live) |
| ၉:၂၅ | Arsenal - Middlesbrough | 5-Sports(Live) |
| | Liverpool - Tottenham | 5-Cartoons(Live) |
| | Portsmouth - Everton | 5-Movies(Live) |
| ၁၁:၃၀ | Aston Villa - West Ham | 5-Cartoons(SDD) |
| | Fulham - Newcastle United | 5-Movies(SDD) |
| ၁၁:၄၀ | Blackburn - Bolton | 5-Sports(Live) |

## Series-A ဘောလုံးပွဲစဉ်

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၂:၀၀ | Messina - Palermo | MRTV-4(Live) |

# တရားစခန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ ဆုထူးပန်ဆရာတော် တပ်ကုန်းမြို့ မဟာသီဟနာဒ ဆရာတော်၊ ရန်ကုန်မြို့မဟာသီဟနာဒ ဆရာတော်တို့၏ တပည့်ကမ္မဋ္ဌာန်းနည်းပြ အရှင်ကုဋ္ဌမလ တက္ကသိုလ ဓမ္မာစရိယ(B.A)မဟာဓမ္မာစရိယ(M.A)ကသန်လျင်မြို့ အောင်ချမ်းသာ ရပ်ကွက် ဝါးတောမြတ်မွန် ဝေဠုန်ဝန်ဓမ္မရိပ်သာ၌ ဇန်နဝါရီ ၁၇ ရက်မှ ၂၆ရက်အထိ ၁၀ရက်တိုင်တိုင် မဟာသတိပဋ္ဌာန် အလုပ်ပေးတရားစခန်း ဖွင့်လှစ်၍ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# အာရှတံခွန်စိုက်တင်းနစ်တစ်ဦးချင်းပြိုင်ပွဲတွင် အောင်ကျော်နိုင် ရွှေတံဆိပ်ရရှိ နှစ်ယောက်တွဲပြိုင်ပွဲ၌ အောင်ကျော်နိုင်နှင့်အောင်ကိုဦး ရွှေတံဆိပ်ဆွတ်ခူး

ရန်ကုန် ဇန်နဝါရီ ၁၃

**အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ(၂၀၀၆)ခုနှစ် အုပ်စု(၂) တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက်ဂနာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။**

ယနေ့ ဗိုလ်လုပွဲများ အပြီးတွင် မြန်မာလူငယ်တင်းနစ် အားကစားမောင်မယ်များက ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ် နှစ်ခုကို ဆွတ်ခူးရရှိသွားသည်။

### ရွှေတံဆိပ်ဆွတ်ခူး

ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် မြန်မာမှ အောင်ကျော်နိုင်က မလေးရှားမှ Santos ကို ၆-၁၊၇-၅ ဖြင့် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ကို ဆွတ်ခူးသွားသည်။

အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင်လည်း မြန်မာမှအောင်ကျော်နိုင်နှင့် အောင်ကိုဦးတို့က Le Phat နှင့် Vole Quoe Huy(ဗီယက်နမ်)တို့ကို ၄-၆၊ ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးသွားသည်။

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် Muttan (သီရိလင်္ကာ)က မြန်မာမှ ခိုင်ငြိမ်းသာကို ၆-၁၊၄-၆၊၆-၂ဖြင့် အနိုင်ရရှိသွားသည်။ ခိုင်ငြိမ်းသာ သည် ဒုတိယငွေတံဆိပ်ဆုကို ရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် Huynh Phuong Dai Ti နှင့် Phan Thi Thanh Bin(ဗီယက်နမ်)တို့က မြန်မာမှ ခိုင်ငြိမ်းသာနှင့် သန္တာအောင်တို့ကို ၆-၄၊၆-၂ဖြင့် အနိုင်ရရှိသွားသည်။ ခိုင်ငြိမ်းသာနှင့် သန္တာအောင်တို့က ဒုတိယငွေတံဆိပ်ဆုကို ရရှိသွားသည်။

### ဆက်လက်ကျင်းပမည်

ဇန်နဝါရီ၁၄ရက် **(ယနေ့)** နံနက် ဂနာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ 2nd Tournament တင်းနစ်ပြိုင်ပွဲကို ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ASEAN-ROK Workshop and Exhibition on Traditional Artifacts**

(16-22) January, 2006
Multipurpose Hall
National Museum

ဇန်နဝါရီ၁၃ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တွဲဖက်အတွင်းဝန် မစ္စတာ အာခ်တားတူးဖေးလ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် အလုံသင်္ဘောကျင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ ၁၂ရက်က ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ရောက်ရှိ၍ ရုံးခန်း၌ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အလုံသင်္ဘောကျင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အလုံသင်္ဘောကျင်း၏ နောက်ခံသမိုင်းကြောင်းကိုလည်းကောင်း၊ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဌေးအောင်နှင့် ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)ဦးထွန်းမြင့်တို့က အလုံသင်္ဘောကျင်း၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အလုံသင်္ဘောကျင်း၏ အဓိကဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ၊ နှစ်အလိုက် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လွန်းကျင်းအမှတ်(၁၊ ၂၊ ၃၊ ၄)တို့၌ ကျင်းတင် ပြင်ဆင်နေသည့် ရေယာဉ်များ အခြေအနေ၊ လွန်းကျင်းအမှတ်(၃၊ ၄)၌ အလျားပေ ၁၈၀၊ အနံပေ ၄၀၊ ဇောက်ကိုးပေရှိ တန်၁၀၀၀တွဲ ရေယာဉ်သစ်ကြီးနှစ်စင်း အသစ်တည်ဆောက်နေမှု၊ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊အမှတ်(၅)လွန်းကျင်း၌ ရေယာဉ်များ ကျင်းတင်ပြင်ဆင်နေမှုကို လည်းကောင်း၊ ရေကြည် ကွန်ကရစ်ဆိပ်ခံတံတားတည်ဆောက်နေမှု၊ ပြီးစီးမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

(၂၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံနှင့် 7th FDI MDA Joint Educational အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံ တက်ရောက်မည့် သွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဇန်နဝါရီ၂၄ရက်နှင့် ၂၅ ရက်များတွင် အဆိုပါဟိုတယ် ညီလာခံ မှတ်ပုံတင်ရုံးခန်း၌ နံနက်၉နာရီမှ မွန်းလွဲ၂နာရီအထိ မှတ်ပုံတင်နိုင်သည်။

အဆိုပါညီလာခံတွင် ပြည်တွင်း၊ ပြည်ပမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ၏ သုတေသန စာတမ်းဖတ်ပွဲများ၊ ဟောပြောပို့ချမှုများ၊ ဆေးပြခန်းများနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်–မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်–မန္တလေးဈေးသင်္ဘောခေါက်ရေ(၂) “မြဧရာ”ရေယာဉ်သည် ဇန်နဝါရီ ၂၁ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၂၉၂၁၉၉၊ ၂၉၂၃၁၉သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။ နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ် မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

အဘကြီးဦးလှမြင့်(ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)သည် ၂၀၀၆ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ချီးမြှင့်သည့် [illegible] ဘွဲ့အားထိုက်တန်စွာရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရောင်တွင်လည်း အမျိုးဘာသာ သာသနာတော် အကျိုးကိုဆောင်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုနှင့် ဝန်ထမ်းများ






## အမည်ပြောင်း

တောင်ကြီးမြို့ အထက(၄) ပထမတန်း(D)မှ မယဉ်မင်းသက်အား မသန္တာလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသန္တာလှိုင်။**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ယ/၇၀၃၀၀ လက်ဝယ်ရှိသူက(ကမ–၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (တောင်ကြီး)သို့ဆက်သွယ်နိုင်ပါကြောင်း။

**ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။**









# ချောင်းဦးနွယ်ခွေနှင့်မြတ်လေးလမ်း ကတ္တရာလမ်းသစ်ဖွင့် ကျပ် ၅၃ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

စစ်ကိုင်း ဇန်နဝါရီ ၈

**(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သောနွယ်ခွေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အမှုဆောင်အရာရှိ ဦးသန်းဦးက ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ဝဲပုံ)**

အဆိုပါနွယ်ခွေလမ်း ကတ္တရာလမ်းသစ်သည်အရှည်ပေ၆၀၀၊အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၃၄၀၀၀၀ အကုန်ကျခံဆောင်ရွက်ကြောင်း သိရသည်။

အလားတူပင် မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့တွင်းလမ်းဖြစ်သည့် မြတ်လေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်ညနေပိုင်းက အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦးတွင်ကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးငွေက ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး စိုးလင်းအောင်တို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ မြတ်လေးလမ်း ကတ္တရာလမ်းသစ်မှာ အရှည် ၉၇၂ပေ၊ အကျယ် ၁၂ပေဖြစ်ပြီးစည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၃၀၀၀၀၀၀ အကုန်အကျခံဆောင်ရွက်ကြသည်။

**(နယ်စပ်/စည်ပင်)**

**ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဒီဇင်ဘာ ၂၆ရက်က ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကန်ကြီးထောင့်-ဘဂရက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။** (၁၀၈)

## မြန်မာ့အသံ

၁၅-၁-၂၀၀၆(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပြည်ပသွင်းကုန်အစားထိုး ရှမ်းပူထုတ်လုပ်မှုအကြောင်း)
၁၁း၃၀ မေတို့တွက်တာ လှကမ္ဘာ (နှစ်ဦးမှာ ရှင်မြူးစရာ ပါတိတ်များနှင့်အလှဆင်ပါ)
၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (စည်းကမ်းနှင့်အလုပ်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ထာဝရကြည်ဖြူသွားပါမည်)
၁၃း၂၀ ယဉ်ကျေးမှုအနုပညာ ထိုက်တန်ရာချီးမြှင့်ခံရသော ဘွဲ့တံဆိပ်များ-ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၀၀ တေးသံစုံ (စန္ဒာရားမြင့်သိန်းအဖွဲ့မှ တေးသံစုံ)
၁၇း၁၅ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက် (စာပေထဲက ရဲမက်များ) (ညွှန့်ဟံ-ကြူတော)
၁၇း၃၀ သူ့အလှည့် (ဇော်ပိုင်)
၁၈း၂၅ ဟောပြောချက် (ကယားတို့ဌာနေ ငွေတောင်ပြည်)
၁၈း၄၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၂း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge.

# တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**လယ်ဝေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉နာရီက လယ်ဝေးမြို့ အထက(၁) ရွှေရတုခန်းမတွင် ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမျိုးမြင့်၊ ဒုတိယဗိုလ်မှူးကြီးအောင်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်နှင့် ဆရာဆရာမများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်အောင်နှင့် အလုပ်အမှုဆောင်များ၊ မျိုးဆက်သစ်လူငယ်များနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြော ကြားပြီး မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်အောင်က ပြိုင်ပွဲ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲဝင်များက ကျပန်းစကားများကို မဲကျရာ ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပထမ၊ဒုတိယ၊တတိယနှင့် နှစ်သိမ့်ဆုရသူများကို တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(က-ပ)**

# ညောင်တုန်းမြို့မဈေး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်တုန်း ဇန်နဝါရီ ၆**

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ညောင်တုန်းမြို့မစည်ပင် သာယာဈေးကြီးတွင် ဒီဇင်ဘာ ၂၉ရက်က ဈေးသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ကြသည်။

**စုပေါင်းဆောင်ရွက်**

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းနှင့်စည်ပင်သာယာရေးဝန်ထမ်းများနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့မစည်ပင်ဈေးအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်းနှင့် တူးဖော်ခြင်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(ဝဲပုံ) (၀၉၈)**

## ဘေလီတံတားတည်ဆောက်

**မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးတို့ နမ့်လန်းကျေးရွာအုပ်စု ပါပူးစံပြကျေးရွာ၌ တစ်လွှာတစ်ထပ် ဘေလီတံတားတည်ဆောက်နေမှုကို ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (ခရိုင် ပြန်/ဆက်)

# ပိန်းဇလုပ်၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

**ပိန်းဇလုပ် ဒီဇင်ဘာ ၂၆**

ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ပိန်းဇလုပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပိန်းဇလုပ်ဒေသ စာပေဟောပြောပွဲ ကျင်းပရေးကော်မတီတို့ စုပေါင်းပြီး စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၈ရက် ည၇နာရီက ပိန်းဇလုပ်မြို့လယ်စင်မြင့်၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးသိန်းညွှန့် (သတင်းထောက် သိန်းညွှန့်)က ဆောင်ရွက်၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းငွေနှင့် စာပေဟောပြောပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)က ဖတ်ကြား၍ ၂၀၀၄ခုနှစ်အတွက် စာပေဗိမာန် (သုတပဒေသာ-သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ပထမဆုရ ဒေါက်တာ မြင့်သန်းအား ပိန်းဇလုပ်ဒေသ၏ကိုယ်စား ဒေါ်သန်းသန်းဝင်း(စိန်ဆေးလိပ်ခုံ)က ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ဆက်လက်၍ ပိန်းဇလုပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ ဒါရိုက်တာ မောင်နေမျိုး၊ စာရေးဆရာ ကာတွန်းမြေဇာနှင့် စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)တို့က စာပေရေးရာများဟောပြောကြသည်။

**(က-ပ)**

# ပဲခူး စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

**ပဲခူး ဇန်နဝါရီ ၆**

ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက်က ရွှေမော်ဓောဘုရားလမ်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးစိုးတင့်(ဟံသာစိုးတင့်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်း(သတင်းထောက်)က ဆောင်ရွက်သည်။မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)က အဖွင့်အမှာစကားပြောကြားပြီးအမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဦးစိန်လင်း(ဆက်နောင်)ကဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရာ အမှုဆောင်အဖွဲ့သစ်ကို ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)၊ ဒုတိယဥက္ကဋ္ဌ ဦးလှငွေ (မောင်မောင်လှငွေ-ဥပဒေ)၊ အတွင်းရေးမှူး ဦးရဲမြင့်သန်း(မောင်လူအေး-ပဲခူး)၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း(သတင်းထောက်)၊ ဘဏ္ဍာရေးမှူး ဦးစိုး (ထွန်းထိုက်အောင်)နှင့် အမှုဆောင်အဖွဲ့ဝင်ဦးစိန်လင်း(ဆက်နောင်)၊ ဦးထွန်းလွင် (မိုးမြင့်လွင်) တို့ကိုရွေးချယ် တင်မြှောက်ကြပြီး ညီလာခံကိုယ်စားလှယ်များအဖြစ် ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)နှင့် ဦးစိုး (ထွန်းထိုက်အောင်) တို့ကို ရွေးချယ်တင်မြှောက်ကြသည်။ **(အောက်ပုံ) (၁၇၃)**

# (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲ၊ စံပြမိခင်နှင့် အမြွှာပြိုင်ပွဲဆုချီးမြှင့်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ၊ စံပြမိခင်နှင့် အမြွှာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်တို့က အမှာစကား ပြောကြားပြီး အသင်းအတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်မြမြအေးက ကလေးပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတန်းလိုက်ကလေးပြိုင်ပွဲဆုရသူများ၊ စံပြမိခင်နှင့်အမြွှာဆုရ ကလေးများကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အမှုဆောင်များက ဆုပေးအပ်ချီးမြှင့်ကြသည်။

**(အပေါ်ဝဲပုံ)**

(၀၉၇)

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာ ဆုနှင်းပွဲကို ဇန်နဝါရီ၃ရက်က ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မခင်သီရိပိုင်အား ဆုချီးမြှင့်စဉ်။** (ခရိုင် ပြန်/ဆက်)

# ကျိုက်ထို ကျောက္ကလပ်ရွာ မိဘဂုဏ်ရည် စာကြည့်တိုက်ဖွင့်

**ကျိုက်ထို ဇန်နဝါရီ ၅**

ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စုပေ ၈၀ ရပ်ကွက်ရှိ မိဘဂုဏ်ရည် စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပရာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် အလှူရှင်ဦးစံငွေ-ဒေါ်ထွေးတို့၏ သား ဦးစိုးတင့်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ ကျပ် ၄၅၀၀၀၀ တန်ဖိုးရှိအဆောက်အအုံကို အလှူရှင်ဦးစိုးတင့်က လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းကြည်က လက်ခံရယူပြီး ကျေးရွာသူ ကျေးရွာသားများက စုပေါင်း လှူဒါန်းသော စာအုပ်၊ စာစောင် ၂၂၅ အုပ်၊ အလှူငွေကျပ် ၁၅၀၀၀၀ နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသောသုတ၊ ရသစာအုပ် ၇၀ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီနာယက ဦးစိုးတင့်က လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါစာကြည့်တိုက်တွင် ကျင်းပရာ ၃၄ ရွာရှိ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာကြည့်တိုက်မှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ တက်ရောက်ကြပြီး စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးဆိုင်ရာများ ဆွေးနွေးသည်။

**(မြို့နယ် ပြန်/ဆက်)**

# မျိုးဆက်ပွားကျန်းမာရေး ဆရာဖြစ်သင်တန်းဖွင့်

**ကျောက်တော် ဒီဇင်ဘာ ၂၀**

ကျောက်တော်မြို့နယ်တွင် မြို့နယ်အဆင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ် ဆောင်ရွက်ခြင်း ဆရာဖြစ်သင်တန်း(၁/၂၀၀၅)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ရက်က ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိကန္တာပနဒီခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အောင်ကြည်ဆွေတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ ကျေးလက်စကားဝိုင်းများဖွဲ့၊ ရင်းနှီးစွာဆွေးနွေး

**အုတ်တွင်း ဇန်နဝါရီ ၅**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ကျန်းမာရေး၊ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက သာဂရ ကျေးရွာအုပ်စု သာဂရ အမက တွင် ကျင်းပရာ ခေါင်ရမ်း-သာဂရ၊ ဝါးတီး-ညောင်ပင်ကြီးကျေးရွာအုပ်စုများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များစုံညီစွာ တက်ရောက်ကြသည်။

**ရင်းနှီးစွာ**

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်သောင်းသောင်းဝင်း **(ဝဲပုံ)**က အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင် ဒေါ်သိန်းသိန်းမြင့်နှင့် ဒေါ်မြင့်မြင့်ဝင်းတို့က ကျန်းမာရေးနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က ကျေးရွာအုပ်စု အမျိုးသမီး ရေးရာအဖွဲ့ဝင်များနှင့် ကျေးလက်စကားဝိုင်းများဖွဲ့၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်းသိရသည်။ **(၃၁၆)**

**အုတ်ဖိုမြို့နယ် ပန်းတင်ကျေးရွာ တစ်လက်မခွဲလက်နှိပ်တုံကင် ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အမှုဆောင်အရာရှိ ဦးစန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(၀၇၄)

# စာကြည့်တိုက်လုပ်ငန်းဆွေးနွေးပွဲငပုတော၌ကျင်းပ

**ငပုတော ဇန်နဝါရီ ၇**

ငပုတောမြို့နယ် စာကြည့်တိုက် ပညာလုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ငပုတောမြို့နယ် တောင်ကလေးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကလေးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေက စာကြည့်တိုက်ပညာ လုပ်ငန်းဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တောင်ကလေးကျေးရွာအုပ်စုတွင် ကျင်းပသည့် စာကြည့်တိုက်ပညာ လုပ်ငန်းဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုအတွင်း ကျေးရွာ ၁၈ရွာမှ သင်တန်းသား ၃၆ဦး တက်ရောက်ကြသည်။

အလားတူ ဆွေးနွေးပွဲကို ရေကျော်ကြီးကျေးရွာအုပ်စုမှ ကျေးရွာ ခုနစ်ရွာတွင် ကျင်းပကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မင်္ဂလာပါဇာတ်ကား ရုံသုံးရုံ၌ အပြိုင်ပြသ အကယ်ဒမီခုနစ်ဆုရ လျှို့ဝှက်သောနှင်း ရုံပြန်တင်

**ရုပ်ရှင်သတင်းထောက်**

**ရန်ကုန် ဇန်နဝါရီ ၁၃**

ဒါရိုက်တာမီးပွား ရိုက်ကူးသည့် **မင်္ဂလာပါ** ကျေးလက်သဘာဝသရုပ်ဖော်ပညာပေး ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့်မင်္ဂလာရုံ၊ မန္တလေး မြို့မနှင့်ဝင်းလိုက်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

"ကျွန်မကလေ အရမ်းစာသင်ချင်ခဲ့တာ၊ ဒါပေမယ့် ကျွန်မတို့တုန်းက စာကိုကောင်းကောင်းစာမသင်ခဲ့ရဘူး၊ အခုရွာက ကလေးတွေကို ကျွန်မလိုမျိုး မဖြစ်စေချင်ဘူး ဆရာရယ်" ဟု ဆိုလာသော ပေါင်ပေါင်အဖြစ် **မျိုးစန္ဒီကျော်**။

"စည်းကမ်းမရှိတဲ့ ပါးစပ်တွေ၊ မင်းတို့ရဲ့ ပရမ်းပတာ စိတ်ဓာတ်တွေ အကုန်လုံး ဘူးပေါ်သလို ပေါ်ကုန်ပြီ၊ မင်းတို့ ငါတို့ရွာကနေ ထွက်သွားကြတော့ကွာ" ဟုဆိုလာသော ဘိုးလေးဖိုးသစ် အဖြစ် **ဇာဂနာ**။

"ကျွန်တော်တို့ဒီရွာကိုချစ်တယ်၊ ဖြူစင်တဲ့ ကျေးလက်ကို ကျွန်တော်တို့ကြောင့် အရောင်မဆိုးစေချင်ဘူး၊ ဘိုးလေးတို့မြေမှာ ကျွန်တော်တို့တံတွေး မထွေးခဲ့ဘူး၊ ပန်းကလေးတွေကိုပဲ စိုက်ပျိုးခဲ့တာပါ" ဟုဆိုသူ ကျောင်းဆရာလေး ထွန်းအောင်ကျော်အဖြစ် **နေတိုး**။

**မင်္ဂလာပါဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် မျိုးစန္ဒီကျော်။**

"ကျွန်တော်တို့မှာ စေတနာက လွဲပြီး ဘာမှမချမ်းသာပါဘူး၊ ဒီရွာက ကလေးတွေကို ကျွန်တော်တို့က ညီအစ်ကိုမောင်နှမလို အခက်အခဲတွေကို ကူညီပေးနေတာဗျ" ဟုဆိုသူ ကျောင်းဆရာလေး ထင်ကျော်ဦးအဖြစ် **စိုင်းစိုင်းခမ်းလှိုင်**တို့ ခေါင်းဆောင်ပါဝင်ပြီး ဇာတ်ကောင်စရိုက် ပီပီပြင်ပြင်ဖြင့် ကျေးလက်ပညာရေးမြှင့်တင်ပေးသည့် ဇာတ်လမ်းကို ကျောရိုးပြုရိုက်ကူးထားသည်။ မကောင်းမှုများကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏ဟု ဆိုသော မင်္ဂလာတရားတော်နှင့် ညီညွတ်သော ဇာတ်ကားဖြစ်သည်။

စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသည့် အကယ်ဒမီခုနစ်ဆုရ **လျှို့ဝှက်သောနှင်း** ဇာတ်ကားမှ ယခုသောကြာပတ်တွင် ရွှေဆောင်ရုံတွင် ပြန်လည်ရုံဝင်လာသည်။ အကယ်ဒမီရ ဇာတ်ဝင်ခန်းများနှင့် တည်းဖြတ်ပုံ၊ ရိုက်ကူးပုံများကို တစ်ကျော့ပြန် ခံစားလိုသူများအတွက် ပြန်လည်တင်ဆက်ခြင်း ဖြစ်သည်။ လျှို့ဝှက်သောနှင်း ဇာတ်ကားသည် စင်ကာပူ၊ တောင်အာဖရိက၊ ကိုရီးယားနှင့် တရုတ်နိုင်ငံ ရုပ်ရှင်ပွဲတော်များတွင် သွားရောက်ပြသအောင်မြင်ခဲ့ပြီး ပြင်သစ်၊ ဂျပန်နှင့်အိန္ဒိယနိုင်ငံများသို့ သွားရောက်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် ကချင်ပြည်နယ် ပူတာအိုမှ မတ်စောက်သော တောင်တန်းများ၊ ရေခဲရေစီးဆင်းနေသော စမ်းချောင်းများကို ခက်ခဲစွာကျော် ဖြတ်၍ ဖုန်ဂမ်ရာဇီရေခဲတောင်ထိပ်သို့ စွန့်စွန့်စားစားသွားရောက်ရိုက်ကူးထားသော ဇာတ်ကားဖြစ်၍ ထူးခြားသော ရှုခင်းရှုကွက်များကို ကြည့်ရှုခံစားရမည် ဖြစ်သည်။

နေပြည်တော်ရုံတွင် **Four Brothers** နိုင်ငံခြားအက်ရှင် ဇာတ်ကား ပြသလျက် ရှိသည်။

**လျှို့ဝှက်သောနှင်းဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**

ရွှေဂုန်ရုံအောက်ထပ်တွင် **Krodh** အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဆူနီးရှက်တီးလ်၊ မင်းသမီး ချောရမ်းတား၊ အပူးဗားနှင့် ဂျော်နီဗားတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် ရော်ဂျာမိုးခေါင်းဆောင်ပါဝင်ထားသော **Moonraker** အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။

တန်းမြင့်မြို့မရုံတွင် အကယ်ဒမီဆုရ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား **AAN** ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အရေးကူးမား၊ ဆူနီးရှက်တီးနှင့် ဂျက်ကီရှရွှတ်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဆုထူးပန်ရုံတွင် အကယ်ဒမီ ခုနစ်ဆုရ အိန္ဒိယဇာတ်ကား **Dil to Pagal Hai** ချစ်မိတော့လည်း အရူးအမူးဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရှာရွတ်ခန်း၊ မင်းသမီးချော ကရစ္စမားကာပူးရ်နှင့် မာဒူရီးဒီးစစ်တို့၏ သုံးပွင့်ဆိုင် အချစ် ဇာတ်လမ်းကို ဖော်ကျူးထားသည်။

မြို့လယ်ဝဇီရာရုံတွင် ထွန်းထွန်းနှင့် အိန္ဒြာကျော်ဇင်တို့၏ **ကမ္ဘာဆုံးအထိ** ဇာတ်ကားတစ်ကျော့ပြန် ရုံဝင်လာသည်။ **စိန်ခလုတ်** နှင့် **မုန်တိုင်း** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ ပဒေသာ၊ မင်းရန်အောင်နှင့် ရွှေဗဟို၊ ဘုရင့်နောင်၊ ရောဝတီရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။ ။

**(မြန်မာ့အလင်း)**

# ကျေးလက်နေပြည်သူများသာမက နိုင်ငံတော်အတွက်ပါအကျိုးရှိမည့် ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ စံပြစိုက်ကွက်များထူထောင်

## ဧရာဝတီတိုင်းတွင် ခြံစည်းရိုးကြက်ဆူပင် သုံးနှစ်အတွင်း ဧကငါးသိန်းစိုက်ပျိုးနိုင်ရေးဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပမ္မဝတီ မြစ်ကူးတံတား(မြင်းကဆိပ်)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၁၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၂ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားထိပ်သို့ရောက်ရှိကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

### အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဆက်လက်ထွက်ခွာလာကြရာ ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆင်းသွယ်လတ် မျိုးပွားဧက ၅၂၀ စိုက်ခင်းသို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြပြီး စိုက်ခင်းရှိ ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတောင်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

## ခြံစည်းရိုးကြက်ဆူပင်သည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိသောသီးနှံဖြစ် စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများအတွက် စက်မောင်းဆီရရှိစေနိုင် မျိုးစေ့၊ ပျိုးပင်နှင့် စိုက်ပျိုးနည်းပညာရပ်များ ကူညီပံ့ပိုးပေးသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇန်နဝါရီ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့သွားရောက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်နှင့် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်ကို ပါဝင်စိုက်ပျိုးပေးသည်။

### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့ ရောက်ရှိပြီး ဇုန်(၃) အကွက်အမှတ်(၂၆၆)၌ ကိုက်လန်၊ ရုံးပတီ၊ ငရုတ်၊ ကြက်သွန်၊

စာမျက်နှာ ၁၁ ကော်လံ ၁ ■

**ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေး**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှော်ဘီမြို့နယ်ရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း**

**ဆောင်းပါး အညွှန်း**

- အခြေခံဥပဒေကို မလိုတစ်မျိုး လိုတစ်မျိုး မျှော့ကြိုးလို မပြုလုပ်နိုင်အောင် အနာဂတ်နိုင်ငံတော်အတွက် အခြေခံမူနဲ့ အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်ရာမှာ ဘကြီးတို့ ညီလာခံကိုယ်စားလှယ်တွေက ညီလာခံတာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေကြတာပဲ ဖြစ်ပါတယ်။
- အခုလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်း ထည့်သွင်းပေးထားတာကိုက နိုင်ငံအကြီးအကဲတွေရဲ့ တစ်နိုင်ငံလုံးအပေါ် တစ်ပြေးညီထားရှိတဲ့စေတနာပေါ်လွင်နေသလို ဒီမိုကရေစီနည်းလမ်းတကျ မျှမျှတတ ဖော်ဆောင်ပေးထားတဲ့ အနှစ်သာရနဲ့လဲ ပြည့်ဝနေပါတယ်။
- ပြည်ထောင်စုလွှတ်တော်က တစ်နိုင်ငံလုံးမှာရှိတဲ့ ဒေသအသီးသီး တစ်ပြေးညီရပ်တည်နိုင်အောင် ပြည်ထောင်စု အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြဋ္ဌာန်းပေးမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကလဲ ၎င်းတို့ရဲ့ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြဋ္ဌာန်းနိုင်ကြမှာဖြစ်ပါတယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ အပိုင်း(၇) ဆောင်းပါး (စာ-၈ နှင့် ၉)

# နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၆ရက်တွင် **ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်** ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကယားပြည်နယ်မှ ဦးပိုးရယ်အောင်သိန်း ဖတ်ကြားတင်ပြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ **ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

မိမိအနေနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကျန်ရှိသည့်အပိုင်းကို ဆက်လက်ဖတ်ကြား တင်ပြသွားမည်ဖြစ်ကြောင်း။

၁၁။ (က) **"ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။**

(ခ) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် **ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရ**မည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်း**များနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။**

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ **အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း**ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) **နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း**ဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ **စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန်** သို့မဟုတ် ပြင်ဆင်စေရန်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) **နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ** တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း **ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး** ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် **လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။**

(၂) **နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ** တစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် **ညီညွတ်မှုမရှိကြောင်း** တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ **သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ**

**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်** စာတမ်းကို ကယားပြည်နယ်မှ ဦးပိုးရယ်အောင်သိန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) **နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ** တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု **အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေ**ကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက်ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် **ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော** ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင် တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို **သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ** ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) **ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေး ဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့** ပေးပို့ရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကတင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ **အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။**

(၂) **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည်"ပြည်ထောင်စု**ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသား**လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။**

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်ကပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် **သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့်သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။** ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) ပြည်သူ့လွှတ်တော်ကပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည်အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ကိုလက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ **အဆုံးအဖြတ် ရယူရမည်။**

(ခ) (၁) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့**လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း** သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်းဆုံးဖြတ်နိုင်သည်။ ထိုဥပဒေ**ကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ** ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုလက်ခံပါက ယင်းဥပဒေကြမ်းကိုပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

၁၅။ (က) **ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ** သည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိ

အချပ်ပို (ခ) သို့

အချပ်ပို (က) မှ

အဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏အစည်းဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

( ခ ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် **အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်**များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် **ကိစ္စရပ်များနှင့် စပ်လျဉ်း၍** ရှင်းလင်းပြောဆို **ဆွေးနွေးခွင့်** ရှိသည်။

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် **နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။**

(၃) ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) **ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေ**တစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

( ခ ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲ**ရမည်။**

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် **နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။**

(၃) အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့**အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကိုအမျိုးသားလွှတ်တော်** အစည်းအဝေးသို့ တက်ရောက်ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် **အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။**

# ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ

၁၇။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စား**လှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။**

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော **ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု** အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် **သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ** ပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား**ဥပဒေအရ အရေးယူခြင်းမပြုရ။**

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

( ခ ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ **အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့်** အမျိုးသားလွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆို **ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့်** အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) **အမျိုးသားလွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ အမျိုးသား**လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် **သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်** သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် လွတ် **လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ်** အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) **အထက်အပိုဒ်ခွဲငယ် (၁)နှင့်(၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ** လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၁၈။ (က) (၁) ပြည်သူ့လွှတ်တော်အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ** ဖမ်းဆီးခြင်းမပြုရ။

(၂) **ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေး** တွင်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော **ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်** သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် **ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ်အဖွဲ့၏ အဖွဲ့ဝင် တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်** အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် **အဖွဲ့၏အကြီးအကဲမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ** တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် **မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။**

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ **သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့်** အဖွဲ့အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်သူ့လွှတ် **တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီး**ခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

( ခ ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်နေသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက် အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ **ဆောလျင်စွာ တင်ပြရမည်။**

၁၉။ (က) **ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။**

( ခ ) **အမျိုးသားလွှတ်တော်ကသော် လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။**

ဟုအသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါကြောင်း အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က တင်ပြပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်မှ ဦးသာအေး ဖတ်ကြားတင်ပြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ရခိုင်ပြည်နယ်မှ ဦးသာအေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မိမိအနေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက် စာတမ်းကို ဖတ်ကြားတင်ပြသွားမည် ဖြစ်ပါကြောင်း။

မိမိတို့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေနှင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရှင်းလင်းတင်ပြချက်များကို ကြားနာခဲ့ကြရပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၆ရက်နေ့တွင် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့က လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များအပေါ် ထပ်မံရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပါကြောင်း။

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအနေဖြင့်လည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်တစ်ဦးချင်းစီကို ဖြန့်ဝေပေးထားသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်ပါ စာတမ်းကိုလည်း အချိန်ယူလေ့လာခဲ့ကြပါကြောင်း။

ယင်းသို့ လေ့လာရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများအပြင် ကမ္ဘာ့နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများကိုပါ အသေးစိတ် လေ့လာသုံးသပ်ပြီး ရှင်းလင်းတင်ပြခဲ့သည်ကို လေ့လာတွေ့ရှိမှတ်သားခဲ့ရပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်းနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် လေ့လာတွေ့ရှိသုံးသပ်တင်ပြချက်များသည် မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသားများ ယခုတွေ့ကြုံနေရသည့် ခေတ်ကာလအခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး မိမိတို့နိုင်ငံ၏ လျော်ကန်သင့်မြတ်ဆုံးဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိသုံးသပ်ချက်များအရ စုစည်းတင်ပြထားသည့် အောက်ဖော်ပြပါအချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က အကြံပြုတင်ပြအပ်ပါကြောင်း။

၁။ (က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။**

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမ အကြိမ် ပုံမှန် အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။**

၂။ (က) **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်း**အဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ် ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး** သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) **ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

၄။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့်** မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ **တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊**

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်** ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို** ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကို **ဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူ**ကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို **ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး** လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး **ခေါ်ယူကျင်းပရမည်။**

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်၏ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် **ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ** တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် **ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး** အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် **စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင်** ယင်းအစည်းအဝေးများ အထမြောက်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်**ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌** ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် **များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် **ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်**နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်**တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်**

ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ **နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က** ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော် **ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ်** ပြည်နယ်လွှတ်တော်လုပ်ငန်းများကို **ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း”တွင်ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်”

အချပ်ပို (ဃ) သို့

14-1 (C).p65 1 3/24/1905, 5:57 PM

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက် အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ရမည်

အချပ်ပို (ဂ) မှ

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ နှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်း ဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်၊

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်၊

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက် ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ (က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက် ရမည်။

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်း အဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်း အဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် “တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း”တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း သော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း ခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်း ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ သည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း” တွင် ပါရှိသောကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ–သုံးငွေလျာထားချက်”ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည် ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက် တစ်နေ့မှခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်း များကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက် အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာ ရမည်။

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ် ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ် ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များ သည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင် များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး များကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော် ကော်မတီနှင့်အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်း တို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ဂ) အထက်အပိုဒ် (က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ် ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက် နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦး အား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စား လှယ်တစ်ဦး အား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေ သည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများကို မိမိတို့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေနှင့်ဆွေးနွေးအကြံပြု တင်ပြခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများနှင့် သက်ဆိုင်သည့် ဖွဲ့စည်းမှုအပိုင်းနှင့် အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ် အခြေခံရမည့် မူများချမှတ်ပြီးဖြစ်သည့်အပြင် လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်း များနှင့် လွှတ်တော်အချင်းချင်း ဆက်သွယ်မှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို အလုပ်သမား ကိုယ်စား လှယ်များအစုအဖွဲ့က ဆွေးနွေးအကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**